ခန္တီစ ဧတံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၀၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တောင်အာဖရိကသမ္မတနိုင်ငံ လွတ်မြောက်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ ခုနှစ် ဧပြီ ၂၇ ရက်တွင်ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ တာဘို၊အမ်၊အမ်ဘီကီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အစ္စရေးနိုင်ငံ သမ္မတ မစ္စတာ မိုရှေကတ်ဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ ခုနှစ် ဧပြီ ၂၇ ရက်နေ့တွင် ကျရောက်သော ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဇာ မာရိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော်(ကြည်း၊ ရေ၊ လေ) ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံနှုတ်ဆက်စဉ်။ (အပေါ်ပုံ) **နှင့် လက်ခံတွေ့ဆုံစဉ်။** (အောက်ပုံ) **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဘင်္ဂလားဒေ့ရှ် တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ်တပ်မတော် (ကြည်း၊ရေ၊လေ) ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ စစ်ဘက်အကြံပေးအရာရှိ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း တို့တက်ရောက်ကြပြီး ဧည့်သည် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. A. B. Manjoor Rahimနှင့် စစ်သံမှူး Brigadier General Helal Uddin Ahmed, psc တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်)

နိုင်ငံတော်နှင့်ပြည်သူများ၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးမည့် စီမံကိန်းလုပ်ငန်း စောစီးစွာပြီးရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းပြီးစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်စေရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်တည်ဆောက်ရေးတွင်လိုအပ်သည့်လမ်းများ၊တံတားများ၊ ဆည်မြောင်းတာတမံများ၊ ရေအားလျှပ်စစ်စီမံကိန်းများနှင့် မြစ်ရေတင်စီမံကိန်းများသည် ၁၉၈၈ခုနှစ် နောက်ပိုင်းကာလတွင် အံ့မခန်း တိုးတက်ဖြစ်ထွန်းလာခဲ့ကြောင်း တွေ့မြင်နေရသည်။

နိုင်ငံတော်အစိုးရသည် ၁၅နှစ်တာကာလအတွင်း ပြည်သူ့ဝန်ထမ်းများနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယနေ့အချိန်အခါတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များ အားလုံးနီးပါး တည်ဆောက် ပြီးစီးနေပြီဖြစ်သည်။ ရရှိလာသော အကျိုးတရားများကိုလည်း ပြည်သူများ လက်တွေ့ ခံစားနေကြရပြီဖြစ်သည်။

ယခုအခါ ရရှိပြီးဖြစ်သော အောင်မြင်မှုများကို အခြေခံ၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ၂၀၀၄-၂၀၀၅ခုနှစ်တွင် စက်မှုကဏ္ဍ၊လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေးကဏ္ဍ၊ နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှုကဏ္ဍနှင့် လျှပ်စစ်စွမ်းအားကဏ္ဍများပိုမိုဖွံ့ဖြိုးတိုးတက်အောင် အလေးထား ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ဆောင်ရွက်ရမည့် ကဏ္ဍများအနက် လျှပ်စစ်စွမ်းအားကဏ္ဍကို နိုင်ငံတော်အစိုးရက အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်းစုဆောင်းရရှိထားသည့် ရေအားအရင်းအမြစ်များကို ကုန်ကျစရိတ်ကြီးမားသည့် ရေအားလျှပ်စစ်စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံ၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီ၂၃ ရက်နေ့က ပဲခူးတိုင်း ရွှေကျင်မြို့နယ်ရှိ ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းမှ တာဝန်ရှိသူများအား မှာကြားရာတွင်-

"ယနေ့အချိန်အခါသည် လျှပ်စစ်ဓာတ်အား အထူးလိုအပ်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုတည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိသည်နှင့် အမျှ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်ဆန်သွားမည်မှာ သေချာကြောင်း"

ပြောကြားသည်။

၁၉၈၈ခုနှစ် မတိုင်မီက ရေအား၊ ဓာတ်ငွေ့အား၊ ရေနွေးငွေ့အား စသည့် အင်အားသုံးမျိုးဖြင့် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၈၀ ကျော် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့ပြီး ဓာတ်ငွေ့သုံး လျှပ်စစ်စက်အင်အား မဂ္ဂါဝပ် ၃၀၀ ဓာတ်အား ထုတ်လုပ်ပေးခဲ့သည်။

၁၉၈၈ခုနှစ်မှ ယနေ့အထိ ရေအားလျှပ်စစ်စက်ရုံ ၂၈ခုနှင့် သဘာဝဓာတ်ငွေ့စက်ရုံ ခြောက်ခု၊ စုစုပေါင်း စက်ရုံ ၃၄ခုတွင် စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၅၆၀ကျော် ထပ်မံတိုးချဲ့ တည်ဆောက်ပေးခဲ့သည်။

မျက်မှောက်ကာလတွင် တိုင်းပြည်၏ စီးပွားရေးတိုးတက်လာမှုနှင့်အတူ ပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း ပြောင်းလဲတိုးတက်လာသည့်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် အကြမ်းဖျင်းအားဖြင့် နှစ်စဉ် ၁၅ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိနေသည်။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက လက်ရှိ တတိယငါးနှစ်စီမံကိန်းကာလတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ထပ်မံတိုးချဲ့ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှုပေးပြီး ရေအားလျှပ်စစ်စီမံကိန်းများကို ဦးစားပေးထူထောင်ရန် တာဝန်ပေးဆောင်ရွက်စေခဲ့သည်။

ယခုအခါ ပဲခူးတိုင်းအတွင်း ရွှေကျင်မြို့နယ်တွင် ၇၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်း၊ ကျောက်တံခါးမြို့နယ်တွင် ၂၅မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ရဲနွယ်ရေလှောင်တမံဘက်စုံ စီမံကိန်း၊ ဖြူးမြို့နယ်တွင် ၆၀ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးမြို့နယ်တွင်ပင် ၄၀မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မည့် ဖြူးရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် အုတ်တွင်းမြို့နယ်တွင် ၃၀မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မည့် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းများကို အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ စီမံကိန်းများပြီးစီးပါက နိုင်ငံအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်စုစုပေါင်း၂၃၀ တိုးတက်ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာနိုင်ငံတော်နှင့်ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် အရေးပါသော စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက်စော၍ ပြီးစီးရေးအတွက် သက်ဆိုင်ရာ ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တမံနှင့်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဝန်ကြီးဗိုလ်ချုပ်ညွန့်တင်စစ်ဆေး ဒေသအတွင်းအမြန်ဆုံးအကျိုးပြုနိုင်ရန် အချိန်စော၍ ပြီးစီးရေးမှာကြား

ရန်ကုန် ဧပြီ ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေတို့ လိုက်ပါလျက် ဧပြီ ၂၄ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသော ဆားလင်းကြီး ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြပြီး ဝန်ကြီးက ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် ပင်မတမံလုပ်ငန်းပြီးစီးရေး သတ်မှတ်သိုလှောင်ရမည့် ရေပမာဏအပြည့်အဝရရှိ သိုလှောင်ရေး၊ ဆားလင်းကြီးမြို့နယ်အတွင်း တည်ဆောက်ပြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေမှုနှင့် ဆည်ရေလှောင်တမံတို့၏ ရေပေးဧကများ ဆက်စပ်အကျိုးပြုရေး၊ ဖောင်းကထာချောင်း၏ ရေစီးရေလာကို လေ့လာစူးစမ်း၍ ရေရရှိသိုလှောင်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပင်မတမံ မြေဖို့၊ မြေကြိတ်လုပ်ငန်း၊ ရေပိုလွှဲ အောက်ခြေတူးဖော်ပြီး အပိုင်းတွင် ကွန်ကရစ်လောင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရေထုတ်ပြွန် စတင်တည်ဆောက်မှု၊ ပင်မတမံနှင့် ဆက်စပ်လုပ်ငန်းများ စက်အင်အားဖြင့် ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မုံရွာခရိုင် ဘုတလင်မြို့နယ် မုံရွာ-ရေဦး မော်တော်ကားလမ်းမှ အရှေ့ဘက် သုံးမိုင်အကွာ၌ စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် မြို့သစ် ရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြသည်။

ပံ့ပိုးကူညီ

စီမံကိန်း ရှင်းလင်းဆောင်တွင် လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဒေသအတွင်း အမြန်ဆုံး အကျိုးပြုနိုင်ရန် တမံပိတ်လုပ်ငန်းစောနိုင်သမျှ စော၍ ပြီးစီးရေး၊ မိုးရာသီ မကျရောက်မီ ဖို့မြေနှင့် ကျောက်စုဆောင်းထားရှိရေးများ မှာကြားပြီး လိုအပ်သော စက်ယန္တရားနှင့် ပံ့ပိုးကူညီမှုများ ဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည်မွန်းလွဲပိုင်းတွင် အရာတော်မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးအတွက် ဆည်ရေလှောင်တမံ၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်မှုများမှ ဆည်ရေလှောင်တမံ တည်ဆောက်နိုင်မည့် အရာတော်မြို့နယ် အိုင်ယားကျေးရွာတောင်ဘက် သုံးမိုင်ခန့်အကွာတွင်ရှိသော ညောင်နီချောင်း၊အင်ကြင်းပင်ချောင်းတို့ကိုပိတ်၍ ရေလှောင်တမံဆောင်ရွက်ရန် စူးစမ်းရှာဖွေ လေ့လာမှုဆောင်ရွက်နေသည့် လုပ်ငန်းကို ကြည့်ရှု စစ်ဆေးရာ စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်နှင့် တာဝန်ခံများက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် စူးစမ်းလေ့လာမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံများအား ဤဒေသတစ်ဝိုက် စိုက်ပျိုးရေရရှိရေးအတွက် ဖြစ်နိုင်သော ဆည်တည်ဆောက်ပေးရန်၊ရေစီးဝင်မှု၊ ရေသိုလှောင်နိုင်မှုအပေါ် မူတည်၍ သင့်လျော်သော ဆည်တည်ဆောက်ကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးသည် ညနေပိုင်းတွင် အရာတော်မြို့နယ်ရှိ မူးမြစ်မှ ရေတင်သည့် အရာတော်(၂)မကျီးဓောက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ တာဝန်ခံက စိုက်ပျိုးမြေဧကနှစ်သောင်း အကျိုးပြုမည့် မြစ်ရေတင်စီမံကိန်း၏ ပင်မရေပေး တူးမြောင်းနှင့် လက်တံတူးမြောင်း များမှ စိုက်ပျိုးရေပေးဝေမှု၊ သီးနှံစိုက်ပျိုးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် မူးမြစ်မှ ပင်မရေတင်သည့်နေရာနှင့် ရေပေး တူးမြောင်းတို့ကို ကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၁၉ရက်က စဉ့်အိုးတန်းလမ်း လသာမြို့နယ်နေ ဦးမောင်မောင်ဟုန်-ဒေါ်ခင်အေးမြင့် သားမောင်အောင်ဟိန်း၊ သမီး ဟေမာအောင်တို့က သာကေတမြို့နယ် မှန်ကင်းပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၇) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တစ်နေ့တာ အာဟာရဒါနလှူဒါန်းခြင်းနှင့် စာသင်ခုံအတွက် အလှူတော်ငွေ ကျပ် ၂၀၀၀၀၀ကို ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ **(က-ပ)**

နွေရာသီယမိုက်-ပဋ္ဌာန်း အထူးသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၆

အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်၏ တေရသမအကြိမ် နွေရာသီယမိုက်-ပဋ္ဌာန်းအထူး သင်တန်းဖွင့်ပွဲကို ဧပြီ ၂၄ရက် နံနက် ၈နာရီက ရွာမ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘမြင့်နှင့် အလှူရှင် ရန်ကုန်တိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကေသရထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ကြသည်။ သင်တန်းသို့ သံဃာတော် ၇၁၅ပါး၊ သီလရှင် ၅၂ပါးနှင့် လူပုဂ္ဂိုလ် ၂၀တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၆

ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့နံနက် ၁၀နာရီက ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟို တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းလှအောင်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)၊မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်) တို့က အမှာစကားများ ပြောကြားကြပြီး မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ရန်ကင်းကိုကိုလေးက နှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ကြားဖြတ်အစီအစဉ်အရ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဦးဝင်းဆွေ၊ သီရိသုခမ္မသီဂိ ဒေါက်တာရီရီလှ (ယုဝတီခင်ဦး) မိသားစုက ကျပ် ၅၀၀၀၀နှင့်ဒေါ်နီနီတင် (နီနီ-မြန်မာစာ) မိသားစု ကျပ် ၂၀၀၀၀ လှူဒါန်းခြင်းကို လက်ခံရယူ၍ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ လစ်လပ်နေ သော အလုပ်အမှုဆောင်နေရာ၌ ဦးလှိုင်မြင့် (တမာမြေ-လှိုင်မြင့်)ကို အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဒေါ်နီနီတင်(နီနီ-မြန်မာစာ)ကို အလုပ်အမှုဆောင် အဖြစ်လည်းကောင်း ရွေးချယ်တင် မြှောက်ကြကြောင်း သိရသည်။ **(က-ပ)**

အခြေခံပုံနှိပ်အတတ်ပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သောအခြေခံပုံနှိပ်အတတ်ပညာသင်တန်း(၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းရှိ ဂျီတီစီပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးသန်းမောင်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းမှအထွေထွေမန်နေဂျာနှင့် ဒုတိယ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူးများ၊ သင်တန်းနည်းပြ ဆရာဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကာလ

အဆိုပါသင်တန်းသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ခုနစ်ဦး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နှစ်ဦး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအောက်ရှိ ဗဟိုပုံနှိပ်စက်ရုံ၊ အောင်ဆန်းပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဖိုသိုလစ်သို ပုံနှိပ်စက်ရုံတို့မှ ကိုးဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုံးဦးနှင့် လားရှိုးမြို့ရှိ ကိုယ်ပွားသတင်းစာတိုက် ပုံနှိပ်တိုက်ခွဲတို့မှ ငါးဦး စုစုပေါင်း ၂၆ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၂၆ ရက်မှ မေ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အောင်ဆန်း ဂျီတီစီပုံနှိပ်စက်ရုံအတွင်းရှိ ပုံနှိပ်စက်များ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(အောက်ပုံ) (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင် အစ္စရေးနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ အစ္စရေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆီလ်ဗန်း ရှာလော်(မ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ အမျိုးသားနေ့ နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဗု(ခ်)ဒရာစကိုဗစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

တတိယအကြိမ်စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက်ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ၂၀၀၄ခုနှစ် မေလတွင်ကျင်းပမည့် တတိယအကြိမ်စာပေညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ အတွင်းရေးမှူးဦးလှထွန်း(လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် ကောင်းသန့်စာပေမှ ငွေကျပ်တစ်သိန်း ငါးသောင်းတန်ဖိုးရှိ သုတ၊ ရသစာအုပ်၆၅၀၊ ရန်ကုန်တိုင်း ဒုတိယရဲမှူးကြီး ဝင်းမြင့်(ရဲခေါင်ဝင်း-ကျိုက္ကော်)မိသားစုက ငွေကျပ်၃၀၀၀၀၊ စာရေးဆရာမနီနီက ငွေကျပ်၂၀၀၀၀၊ မကွေးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၁၅၀၀၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၁၀၀၀၀၊ စာရေးဆရာအောင်လံဆိုးပေက ငွေကျပ်၃၀၀၀၊ စာရေးဆရာဦးငြိမ်းအောင်က ငွေကျပ်၃၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူက လက်ခံပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။

အလှူငွေဖြစ်စေ၊အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်၅၂၉ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့်ရှိ စာပေဗိမာန် (ဒုတိယထပ်) ဖုန်း-၂၅၄၁၇၃၊ ၂၅၂၄၁၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သိမ်သမုတ်ပွဲနှင့် သိမ်ကျောင်းရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဘုရားကြီးအနောက်ကျောင်း ပရိယတ္တိစာသင်တိုက်၌ သိမ်တောင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ကျေးဇူးရှင်ဆရာတော်ကြီး၏ ဩဝါဒကိုခံယူကာ ဘုရားကြီးအနောက်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် သီလဝန်၊ ဂုဏဝန်၊ ပညာဝန် သက်တော်ရှည်ဆရာတော်ကြီးများဦးဆောင်၍ စေတနာရှင် ပါရမီရှင် ဒါယကာ ဒါယိကာမ အများစုပေါင်းဆောက်လုပ်လှူဒါန်းသော သာသနသော ဘိနီသိမ်ဓမ္မာရုံကျောင်းတော်ကြီးကို သာသနာတော်နှစ် ၂၅၄၈၊ ကောဇာသက္ကရာဇ် ၁၃၆၆ခု ကဆုန်လပြည့်နေ့ (မေ ၃ ရက်) တနင်္လာနေ့တွင် သံဃာတော် အရှင်မြတ်တို့က ဝိသုံဝါမမည်ဗဒ္ဓနှင့်ခဏ္ဍမည်ခေါ် သိမ်တော်အဖြစ် သမုတ်တော်မူကြပြီး မွန်းတည့် ၁၂နာရီတွင် သိမ်အနုမောဒနာတရား နာကြားကာ သာသနာတော်အား ရေစက်သွန်းချ လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပန်းအလှုပြုပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းကကြီးမှူးဖွင့်လှစ်မည့် အခြေခံပန်းအလှုပြုပြင်မှုသင်တန်းအမှတ်စဉ် ၂/၂၀၀၄ကို မေ ၁၀ရက်မှ ၁၈ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ သင်တန်းသား၊ သင်တန်းသူ ၅၀ဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ကျပ် ၃၅၀၀စီသတ်မှတ်ထားရာ တက်ရောက်လိုသူများသည် အသင်းရုံး ဖုန်း-၃၇၉၃၆၁သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

မြန်မာ့ရုပ်မြင်သံကြား

၂၇-၄-၂၀၀၄
(အင်္ဂါနေ့)
နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ တံငါတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သချာၤအထူးပြု) (သချာၤ)
- ၁၇:၁၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇:၄၀ ၈။ ခံစားနားဆင် တေးဇာတ်ဝင်
- ၁၇:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၁၉:၁၅ ၁၃။ တေးဂီတအစီအစဉ်
- ၁၉:၃၀ ၁၄။ အပန်းဖြေရအောင် ကမ်းခြေငွေဆောင်
- ၁၉:၄၀ ၁၅။ ကြေးမုံရိပ်သွင် တေးနယ်ဉ်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၂၇)
- ၂၀။ နောက်တစ်နေ့အစီအစဉ်

ကျောက်တံတားမြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဧပြီ ၂၆

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်(ကျောက်တံတား)ကကြီးမှူး၍ ဧပြီ ၂၂ရက် နံနက်ပိုင်းက လမ်းမတော်မြို့နယ် အမှတ် (၁၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ ခရိုင်ဦးစီးအရာရှိဦးစိန်တိုး၊ ရပ်ကွက်ဥက္ကဋ္ဌ မန်းဝင်းဆိုင်နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးနွဲ့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ဓာတ်ပုံ)

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိဦးစိန်တိုးက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ လူငယ်နှင့်အနာဂတ်တာဝန်၊ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်း ဟောပြောပြီးနောက် ရပ်ကွက်ဥက္ကဋ္ဌ မန်းဝင်းဆိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(က-ပ)**

အခြေခံတိုင်းရင်းဆေးသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အခြေခံတိုင်းရင်းဆေးပညာရက်တိုသင်တန်းအမှတ်စဉ်(၂/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းသင်တန်းကို ယနေ့မှ မေ ၂၁ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အခြားအဆင့် သင်တန်းသား ၅၅ဦး၊ အကျဉ်းဦးစီးဌာနမှ အခြားအဆင့် သင်တန်းသားငါးဦး စုစုပေါင်း သင်တန်းသား ၆၀ တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အီရတ်စစ်ပွဲအတွင်း ကန်တို့ ရေဒီယိုသတ္တိကြွလက်နက်များသုံးခဲ့မှု မွေးဖွားလာသည့် အီရတ်ကလေးငယ်များ ကိုယ်လက်အင်္ဂါမစုံဘဲ မွေးဖွားလာ

ဘဂ္ဂဒက် ဧပြီ ၂၅

အီရတ်ကို အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက စစ်ပွဲဆင်နွှဲခဲ့ပြီးနောက်ပိုင်း အီရတ်နိုင်ငံတွင် ကိုယ်လက်အင်္ဂါပုံမှန်မဖြစ်ဘဲ မသန်မစွမ်းဖြစ်ကြရမှု အများအပြားရှိခဲ့ကြရသည်ဟု မှတ်တမ်းများရှိကြောင်း၊ ထိုသို့ ဖြစ်ခဲ့ကြရသည်မှာ ရေဒီယိုသတ္တိကြွမှုရှိသည့် လက်နက်အမျိုးမျိုးကို အီရတ်၌ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များက သုံးစွဲခဲ့ကြ၍ဖြစ်ကြောင်း ပြည်တွင်း သတင်းစာတစ်စောင်က ဖော်ပြ ထားသည်။

“ဤဆေးရုံတွင် လွန်ခဲ့သည့် နှစ်လက မွေးဖွားခဲ့သော ကလေးငယ် ၂၀မှာ ကိုယ်လက်အင်္ဂါပုံမှန်မဟုတ်ဘဲ အင်္ဂါမစုံမွေးဖွားလာခဲ့သည်ဟု မှတ်တမ်းများအရသိရကြောင်း” ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာအကွာရှိ ဒီယာလာမြို့ အမိကဆေးရုံ တစ်ခုမှ ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာ ဂါဆင်မိုဟာမက်အယ်ယူ ဘိုင်ဒိုင်က ပြောကြားသည်။ ထိုသို့ ရေဒီယိုသတ္တိကြွစစ် လက်နက်ပစ္စည်းများကို အမေရိကန် တပ်ဖွဲ့ဝင်များ အသုံးပြုခဲ့မှုကြောင့် ကလေးငယ်များ မမွေးဖွားမီ သန္ဓေသားကိုထိခိုက်စေသဖြင့် ကလေးငယ်များ ထိုကဲ့သို့ ပုံမှန်မဟုတ်သော ကိုယ်လက်အင်္ဂါများဖြင့် မွေးဖွားလာခဲ့ရခြင်းဖြစ်ကြောင်းနှင့် ထိုလက်နက်များ အသုံးပြုခဲ့မှုကြောင့် အပင်နှင့်သတ္တဝါတို့ဆိုင်ရာ ဂေဟစနစ်ပျက်ဆီးပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေသည့် အကျိုးဆက်ရရှိလာမည်ဖြစ်ကြောင်း အဆိုပါ ညွှန်ကြားရေးမှူးက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဗုံးပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၄

ဘဂ္ဂဒက်မြောက်ဘက်ဆာမာရာမြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သောကြာနေ့က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်မှ ပြောကြားသည်။

ဆာမာရာမြို့အနီးတွင် အမေရိကန်စစ်ယာဉ်တန်း လမ်းဘေးဗုံးပေါက်ကွဲထိမှန်မှုကြောင့် အမှတ်(၁) ခြေမြန်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။ အမေရိကန်ဦးဆောင်တပ်များ အီရတ်သို့ ကျူးကျော်ဝင်ရောက်ခဲ့သည့် ပြီးခဲ့သည့်နှစ် မတ်လမှစ၍ တိုက်ပွဲတွင် သေဆုံးသူ တပ်ဖွဲ့ဝင် ၅၀၉ ရှိသွားပြီ ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၂၅ ရက်က ဘဂ္ဂဒက်မြို့တွင် လမ်းဘေး၌ထောင်ထားသော ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးသွားသော အမေရိကန်စစ်ယာဉ်တစ်စီးပေါ်တက်၍ အောင်ပွဲခံနေကြသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြည်သူများ၏ အကျိုးစီးပွားအာမခံချက်ရှိရန်လို ကုလ၏အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရန် ပူတင်ပြောကြား

မော်စကို ဧပြီ ၂၅

အီရတ်၌ ကုလသမဂ္ဂ၏ ပိုမိုကြီးမားသောအခန်းကဏ္ဍမှ တိုးမြှင့် ပါဝင်ဆောင်ရွက်ခြင်းသည် အီရတ်ပြည်သူများ၏ အကျိုးစီးပွားကို အာမခံချက်ရှိစေနိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က သောကြာနေ့၌ ပြောကြားလိုက်သည်။

အီရတ်နိုင်ငံသို့ သွားရောက်သည့် နိုင်ငံတကာဆိုင်ရာ အပေါင်းပါအဖွဲ့၏ ရည်ရွယ်ချက်တစ်ခု အီရတ်နိုင်ငံ ဒီမိုကရေစီရရှိရေးပင်ဖြစ်သည်ဟု ယူကရိန်းနိုင်ငံ၌ အလုပ်သဘောသွားရောက်လည်ပတ်စဉ် သမ္မတပူတင်က ပြောကြားကြောင်း အင်တာဖက်၌ ဖော်ပြသည်။

ပိုမိုကောင်း

ဤသည်မှာအီရတ်တို့အနေဖြင့် ၎င်းတို့၏ကံကြမ္မာကို ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်ရမည့်အဓိပ္ပာယ်ဖြစ်ကြောင်း၊ အခြားအဓိပ္ပာယ်ပြန်ဆိုချက်မရှိနိုင်ကြောင်း၊ ကုလသမဂ္ဂ၏ အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်ရန် ပူတင်က ပြောကြားသည်။

ပြောကြား

ကုလသမဂ္ဂ ပါဝင်ဆောင်ရွက်ခြင်းမရှိဘဲ အီရတ်၏ အချုပ်အခြာအာဏာ နဂိုအတိုင်းပြန်ဖြစ်စေမည့် အစီအစဉ်များသည် အီရတ်ပြည်သူလူထုများက လက်မခံခြင်းကြောင့် ကျယ်ကျယ်ပြန့်ပြန့်အောင်မြင်မှုမရကြောင်း သောကြာနေ့ အစောပိုင်းတွင် ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်အသွင်ကူးပြောင်းရေး ကုလ၏အခန်းကဏ္ဍ အဓိကကျ လက်ရှိအခြေအနေ၌ ပြင်သစ်တပ်များ အီရတ်သို့မလွှတ်နိုင်

ပါရီ ဧပြီ ၂၅

ပြင်သစ်နိုင်ငံသည် အီရတ်သို့တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်မဟုတ်သော်လည်း အမျိုးသားအစိုးရသို့ အုပ်ချုပ်ရေးလွှဲပြောင်းပြီးနောက် အီရတ်နိုင်ငံ၏တပ်ဖွဲ့နှင့် ရဲအဖွဲ့ကို လေ့ကျင့်သင်ကြားရာတွင် အကူအညီပေးရန် အသင့်ရှိကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး မီရှေးအလီယော့မာရီက ပြင်သစ်သတင်းစာသို့ ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်ကြားဖြတ်အစိုးရအဖွဲ့ကို အုပ်ချုပ်ရေးလွှဲပြောင်းမှုသည် ထိပ်တန်းဦးစားပေးဖြစ်သည့်ပြင် ဇွန် ၃၀ရက်အတွက် စီစဉ်ထားသော အသွင်ကူးပြောင်းမှုတွင် ကုလသမဂ္ဂက အဓိကအခန်းမှ ပါဝင်လုပ်ဆောင်ခြင်းသည်လည်း ထိပ်တန်းဦးစားပေးလုပ်ရမည့်ကိစ္စဖြစ်ကြောင်း အလီယော့မာရီက ပြောကြားသည်ဟု သတင်းစာက ရေးသားသည်။

တပ်များမလွှတ်

ဇွန် ၃၀ နောက်ဆုံးရက် နောက်ပိုင်း ပြင်သစ်တပ်ဖွဲ့ဝင်များစေလွှတ်မည်၊ မလွှတ်မည်ကို မေးမြန်းသည့်အခါ လက်ရှိနိုင်ငံရေးအခြေအနေများသည် အီရတ်သို့ ပြင်သစ်တပ်များ မလွှတ်နိုင်သည့် အဓိပ္ပာယ်ဆောင်ကြောင်း အလီယော့မာရီက ပြောကြားသည်။

မိမိတို့သည် အီရတ်၌ အခြေအနေပုံမှန်အတိုင်းဖြစ်သည့်အခါ အီရတ် ပြန်လည်တည်ဆောက်ရေးသည် ပါဝင်ဆောင်ရွက်ရန် အသင့်ရှိမည်ဖြစ်ကြောင်း အစကပင် ပြောကြားခဲ့ကြောင်း၊ ကာကွယ်ရေး နယ်ပယ်တွင် အီရတ်တပ်ဖွဲ့နှင့် ရဲအဖွဲ့ကို လေ့ကျင့်သင်ကြားရန် အကူအညီပေးမည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၌ ပြင်သစ်နိုင်ငံ ပူးပေါင်းရန် တပ်ဖွဲ့များ စေလွှတ်ခဲ့သော်ငြားလည်း အီရတ်၌ ပြင်သစ်က စစ်ရေးအရပူးပေါင်းရန်ကိစ္စကို ယခုလအစောပိုင်း၌ သမ္မတရှီရက်က ငြင်းပယ်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဧပြီ ၂၅ ရက်က ဖော်လူဂျာမြို့ရှိ စစ်ဆေးရေးစခန်းတစ်ခု၌ အီရတ်တို့ကို ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလသံတမန် ဘရာဟီမီ၏ သမီး ဂျော်ဒန် မင်းသားနှင့် လက်ထပ်မည်

နယူးယောက် ဧပြီ ၂၄

ကုလသမဂ္ဂ အထူးသံတမန် လက်ခ်ဒါဘရာဟီမီ၏သမီးဖြစ်သူ ရင်မ်ဘရာဟီမီသည် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာနှင့် ဖအေတူ အမေကွဲ ညီဖြစ်သူ မင်းသားအလီနှင့် စေ့စပ်ကြောင်းလမ်းလိုက်ပြီး သူမသည် စီအင်န်အင်န် သတင်းထောက်အဖြစ်မှ နုတ်ထွက်မည်ဟု ဆိုသည်။

စေ့စပ်ကြောင်းလမ်းခြင်းကို ဘရာဟီမီမိသားစု နေထိုင်ရာ ပါရီမြို့တွင် သောကြာနေ့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လက်ထပ်မင်္ဂလာ အခမ်းအနားကို စက်တင်ဘာ ၇ ရက်၌ ကျင်းပရန် သတ်မှတ်ထားသည်။

အလီ(၂၈)နှစ်မှာ ကွယ်လွန်သူ ဂျော်ဒန်ဘုရင်ဟူစိန်၏ တတိယမိဖုရား အလီယာမှ မွေးဖွားသူဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၇၁၉ ဦးရှိပြီ

ဝါရှင်တန် ဧပြီ ၂၆

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်များ ၂၀၀၃ ခုနှစ် မတ် ၂၀ ရက်၌ စတင်တိုက်ခိုက်ခဲ့ချိန်မှစပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၃ ရက် သောကြာနေ့ရောက်ချိန်တွင် အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၇၁၉ ဦး ဖြစ်သည်။

သေဆုံး

မေ ၁ ရက်၌ စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာ ခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်မှာ ၅၆၉ ဦးဖြစ်သည်။

ယင်းအနက် ၄၀၀မှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၆၉ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း

နိုင်ငံတကာသတင်းများ

မေ ၂၅ ရက်က မိုဆူးလ်မြို့တွင် ဟိုတယ်နှစ်ခုနှင့် ဆေးရုံတစ်ရုံကို ဒုံးကျည်များဖြင့် ပစ်ခတ်ခံရပြီးနောက် ယင်းနေရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နော်ဝေတပ်များ အီရတ်၌ ဆက်လက်တာဝန်ထမ်းဆောင်ရန် အမေရိကန်၏ မေတ္တာရပ်ခံချက် နော်ဝေငြင်းပယ်ခဲ့

အိုစလို မေ ၂၄

ဇွန်လတွင် တပ်များရုပ်သိမ်းရန် စီစဉ်ထားပြီးနောက် နော်ဝေတပ်ဖွဲ့ဝင်များ အီရတ်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် အမေရိကန်၏ မေတ္တာရပ်ခံချက်ကို နော်ဝေနိုင်ငံက သောကြာနေ့၌ ငြင်းပယ်ခဲ့သည်။

နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်သော နော်ဝေနိုင်ငံသည် လွန်ခဲ့သည့်နှစ်၌ အမေရိကန်ဦးဆောင်တပ်များ အီရတ်အား စစ်ပွဲဆင်နွှဲခြင်းကို မထောက်ခံသည့် နိုင်ငံဖြစ်ပြီး သမ္မတ ဆက်ဒမ်ဟူစိန် ဖြုတ်ချခံရပြီးနောက် အီရတ်နိုင်ငံတောင်ပိုင်း တည်ငြိမ်ရေးအတွက် ကူညီရန် နော်ဝေတပ်ဖွဲ့ဝင် ၁၈၀ ကို စေလွှတ်ခဲ့သည်။

ပြောကြား

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က နော်ဝေနိုင်ငံအား ၎င်း၏တပ်များ ဇွန်လတွင် ရုပ်သိမ်းရန် အစီအစဉ်အား ပြန်လည်စဉ်းစားသင့်ကြောင်း ပြောကြားခဲ့ပြီးသည့်နောက် နော်ဝေနိုင်ငံခြားရေးဝန်ကြီး ဂျမ်ပီတာဆင်က မူလအစီအစဉ်အတိုင်း လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း အင်န်အာကေ ရုပ်မြင်သံကြားသို့ ပြောကြားသည်။

စီစဉ်ထား

အမေရိကန်ပြည်ထောင်စုသည် အီရတ် ကြားဖြတ်အစိုးရအဖွဲ့အား ဇွန် ၃၀ ရက်တွင် အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် စီစဉ်ထားသည်။ အမေရိကန် ဦးဆောင်တပ်များ ကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်ခဲ့သော်လည်း အမေရိကန်တပ်များ အီရတ်တွင် ဆက်လက်ရှိနေဦးမည် ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အမေရိကန်စစ်ယာဉ်တန်းကို ထောင်ထားသောဗုံးပေါက်ကွဲ ဘတ်စ်ကားတစ်စီးပေါ်မှ အီရတ် ၁၄ ဦးသေဆုံးကြရ

ဟာဆွာ(အီရတ်) မေ ၂၅

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်သို့သွားသည့် ခရီးသည်တင် ဘတ်စကားတစ်စီး စနေနေ့က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ၁၄ ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဖြစ်ပွားရာအရပ်အနီးရှိ ဆေးရုံတစ်ရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ဘက် ၃၁ မိုင်အကွာရှိ အစ်ကင်ဒါရီယာမြို့ရှိ ဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်သူ အက်ဘတ်စ်စီဆမ်အယ်ရှာမာရီက ပြောကြားရာတွင် အဆိုပါဘတ်စ်ကားသည် ဘဂ္ဂဒက်မြို့သို့ ခရီးသည်များတင်ဆောင်လာသည့် ဘတ်စကားဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ချက်ချင်းမသိရသေးကြောင်း ပြောကြားသည်။

ပေါက်ကွဲ

မျက်မြင်တွေ့ရှိသူများက အဆိုပါ ဘတ်စ်ကားသည် ယာဉ်ခြောက်စီးပါသော အမေရိကန်စစ်ယာဉ်တန်း တစ်ခု၏ရှေ့မှ မောင်းနှင်သွားစဉ် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်နေသော အီရတ်တို့ထောင်ထားသည့် လမ်းဘေးဗုံး ပေါက်ကွဲထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပို့ဆောင်ပေး

ထို့နောက် အနီးရှိ ကျေးရွာမှ ဒေသခံပြည်သူများက အခင်းဖြစ်ပွားရာနေရာသို့ အပြေးအလွှားရောက်ရှိရာ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ပါရှန်ပင်လယ်ကွေ့ရှိ အီရတ်ပိုင် ရေနံစက်ရုံများအနီး ရေယာဉ်များဖြင့် တိုက်ခိုက်၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံ၏ အရေးပါသောရေနံလုပ်ငန်းကို နည်းစနစ်သစ်ဖြင့်တိုက်ခိုက်ရာတွင် အသေခံဗုံးခွဲတိုက်ခိုက်သူများက ပါရှန်ပင်လယ်ကွေ့ရှိ ရေနံအထောက်အကူပြုအဆောက်အအုံများအနီး၌ ဖောက်ခွဲရေးပစ္စည်းအပြည့်တင်ဆောင်ထားသော ရေယာဉ်များကို စနေနေ့၌ ဖောက်ခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်ရေတပ်သားနှစ်ဦး သေဆုံးသွားသည်။

လွန်ခဲ့သည့်တစ်နှစ်ကျော်၌ အီရတ်နိုင်ငံကို အမေရိကန်တပ်များဝင်ရောက်တိုက်ခိုက်ခဲ့ချိန်မှစပြီး ယခုကဲ့သို့ ရေကြောင်းမှ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းသည် ပထမဆုံးဖြစ်သည်။

ပေါက်ကွဲ

ထိုစနေနေ့က ပင်လယ်ကွေ့၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် အီရတ်နိုင်ငံ၏ အဓိကရေနံဆိပ်ကမ်းဖြစ်သော အွမ်ကာဆာမှ မိုင် ၁၀၀ခန့်ရှိ ပင်လယ်ကွေ့ရေကြောင်းအတွင်းရှိ ရေနံစက်ရုံနှစ်ရုံအနီးသို့ ရေယာဉ်ငယ်များချဉ်းကပ်လာစဉ် အမေရိကန်နှင့်အပေါင်းပါတပ်များ၏ ရေယာဉ်က ကြားဝင်ဟန့်တားရန်ကြိုးပမ်းရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အမေရိကန် ရေတပ်သားများ သေဆုံးကာ အခြားငါးဦး ဒဏ်ရာရသည်ဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဖွင့်ထားမြဲ

အစောပိုင်းက ရရှိသောသတင်းများ၌ ရေနံစက်ရုံများမပျက်စီးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားခဲ့ပြီး အွမ်ကာဆာရှိ ရေနံထုတ်လုပ်ရေးစက်ရုံကို ဖွင့်ထားမြဲဖြစ်ကြောင်း ဗြိတိသျှပြောခွင့်ရှိသူကပြောကြားသည်။ ပင်လယ်ကွေ့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အီရတ်နိုင်ငံ၌ တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး နောက်တစ်နေ့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဘဂ္ဂဒက်တောင်ဘက်၌ ဘတ်စ်ကားတစ်စီး လမ်းဘေးဗုံး ပေါက်ကွဲ ထိမှန်ခဲ့ရာ အီရတ် ၁၃ ဦး ထက်မနည်းသေဆုံးပြီး ဆာဒါစီးတီး၌ လူစည်ကားသောဈေးကို စိန်ပြောင်း ထိမှန်ခဲ့သဖြင့် ခုနစ်ဦးထက်မနည်း သေဆုံးခဲ့သည်။

(အင်တာနက်)

ဂိုးသွင်း

မေ ၂၄ ရက်က အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဘာမင်ဂမ်အသင်းနှင့် ဝုဖ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘာမင်ဂမ်မှ မီခေးလ်ဖော်ဆဲလ်ဝေါဇီစ်က ဝုဖ်နောက်တန်းကိုကျော်ဖြတ်၍ ဂိုးသွင်းစဉ်။ (ယင်းပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေဖြစ်သွားသည်။)
(ဓာတ်ပုံ-အင်တာနက်)

တစ်ချိန်က ချမ်းသာသူများ၌သာဖြစ်တတ်သော နှလုံးရောဂါ ဆင်းရဲသောနိုင်ငံများတွင်လည်း လူသေဆုံးမှုပိုများလာ

ဝါရှင်တန် မေ ၂၅

ဈေးပေါပစ္စည်းများစားသုံးခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် မြို့လူနေမှုစနစ်များသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကမ္ဘာကြီးတွင် လူသန်းပေါင်းများစွာ စောစီးစွာသေဆုံးကြရခြင်း၏ အကြောင်းတရားများဖြစ်ကြောင်း တနင်္လာနေ့က ထုတ်ပြန်သော စာတမ်းတစ်စောင်တွင် ဆိုထားသည်။

နှလုံးရောဂါသည် တစ်ချိန်က ချမ်းသာသောသူများတွင် ဖြစ်တတ်သောရောဂါဟု ဆိုသော်လည်း ယခုအခါ ဆင်းရဲသည့်နိုင်ငံများမှ ပြည်သူများသည်လည်း ယင်းရောဂါကြောင့် သေဆုံးမှုများ ပို၍ပို၍ များပြားလာခဲ့သည်ဟု ၎င်းစာတမ်းက ဆိုသည်။

ပိုမိုဖြစ်ပွား

လူဦးရေထူထပ်သည့် မြို့ကြီးပြကြီးများ၌ နှလုံးရောဂါနှင့်ဆိုင်သောရောဂါများ ဖြစ်ပွားခြင်းသည် အလားအလာများ ပိုမိုကြီးထွားလာကြောင်း နယူးယောက်မြို့ရှိ ကိုလံဘီယာတက္ကသိုလ်မှထုတ်ပြန်သော စာတမ်း၌ ဖော်ပြထားသည်။ အစားအစာများ မှန်မှန်ဈေးပေါလာပြီး လေ့ကျင့်ခန်းလုပ်မှုများ နည်းလာခြင်းကြောင့် အဝလွန်၍ ဆီးချိုရောဂါဖြစ်ပွားမှုနှင့် ဆီးချိုရောဂါလက္ခဏာများ ပျံ့နှံ့ဖြစ်ပေါ်လျက်ရှိကြောင်း၊ ကျေးလက်ထက် မြို့ပြ၌ အဆိုပါရောဂါများ ပိုမိုဖြစ်ပွားနေကြောင်း အဆိုပါစာတမ်း၌ ဖော်ပြထားသည်။

ဆေးလိပ်အန္တရာယ်သည် ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများ၌ပင်လျှင် သေဆုံးမှုများ များပြားလျက်ရှိသည်။ သို့ရာတွင် နှလုံးရောဂါကြောင့်သေဆုံးခြင်းသည် ၎င်း၏နေထိုင်မှုပေါ်တွင် အခြေခံသည်။

လူငယ်လူရွယ်များ သေဆုံးနေရခြင်း၏ အကျိုးရလဒ်သည် ယင်းတို့၏ စီးပွားရေးထုတ်ကုန်နှစ်များ ဆုံးရှုံးခြင်းနှင့် လုံးဝစီးပွားရေးထိခိုက်လာမည်ဖြစ်ကြောင်း အဆိုပါစာတမ်းများက သတိပေးထားသည်။

သေဆုံး

အမေရိကန်ပြည်ထောင်စု၌ နှလုံးရောဂါကြောင့် နှစ်စဉ် အသက် ၃၅ နှစ်မှ ၅၉ နှစ်ရှိသူများ သေဆုံးမှုမှာ နံပါတ်တစ်ဖြစ်ပြီး လူတစ်သိန်းလျှင် ၁၁၆ ဦး သေဆုံးလျက်ရှိသည်။ ရုရှားနိုင်ငံတွင် လူတစ်သိန်းလျှင် ၅၇၆ ဦး နှလုံးရောဂါကြောင့် သေဆုံးလျက်ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ

အခက်ကြုံ

ဧပြီ ၂၁ရက်က ဖော်လူဂျာမြို့အဝင် အမေရိကန်စစ်ဆေးရေးဂိတ်၌ နေအိမ်သို့ပြန်ရန် အခက်ကြုံတွေ့နေသည့် အီရတ်မိသားစုများကို တွေ့ရစဉ်။ (အကြောင်းမှာ ဖော်လူဂျာ မြို့တွင်း၌ တိုက်ပွဲ အချို့ ဖြစ်ပွားနေခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

မြန်မာ့အလင်း
အီရတ်မြင်ကွင်း

ဧပြီ ၂၃ရက်က ဖော်လူဂျာမြို့ အမေရိကန် စစ်ဆေးရေးဂိတ်၌ အီရတ်မိသားစုများက ၎င်းတို့ ပိုင်ပစ္စည်းများ ပြန်လည်သယ်ယူရန် နေအိမ်သို့ ပြန်ခွင့်ပြုရေး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ပြောကြားနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁၇ ရက်က ဘဂ္ဂဒက်မြို့၌ အီရတ်မိသားစုများ စီးလာသည့် မော်တော်ယာဉ်အား အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သဖြင့် ပခုံးတွင် ဒဏ်ရာရခဲ့သည့် အသက် လေးနှစ်အရွယ်ရှိ ဝီယမ် မိုဟာမက်အား တွေ့ရစဉ်။

(အဆိုပါ မော်တော်ယာဉ်ပေါ်တွင် ဝီယမ်နှင့်အတူ လိုက်ပါလာကြသည့် ၎င်း၏ မိဘများနှင့် အစ်ကိုနှစ်ဦး၊ အစ်မနှစ်ဦး သေဆုံးသွားပြီး အစ်မနှစ်ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)



ရွှေ့ပြောင်း

ဧပြီ ၂၃ ရက်က ဖော်လူဂျာမြို့၌ တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် အီရတ်အမျိုးသမီးကြီးတစ်ဦး မိသားစုပိုင် ပန်းကန်ခွက်ယောက်များ ရနိုင်သမျှ စုဆောင်းယူလျက် ဘေးလွတ်ရာသို့ ရွှေ့ ပြောင်းလာသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဝမ်းနည်းငိုကြွေး

ဧပြီ ၂၁ ရက်က ဘာဆာရာမြို့တွင် ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာ၌ အီရတ်ပြည်သူများ ဝမ်းနည်း ငိုကြွေးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံအင်တာနက်)

ဧပြီ၂၄ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး၌ ကလေးသုံးယောက်၏မိခင် အီရာစီယာ၏အိပ်ခန်းကို ဒုံးကျည်တစ်စင်းကျရောက်ပေါက်ကွဲမှုကြောင့် ပျက်စီးသွားသည်ကို တွေ့ရစဉ်။ (ယင်းဒုံးကျည် ကျရောက်မှုကြောင့် အဆိုပါ အိမ်ရှင်အမျိုးသမီးမှာ သေဆုံးသွားကြောင်း သိရသည်။)
(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ်တွင် တည်ရှိသည့် အရှည်ပေ ၁၉၀၀ရှိသော ဘောလီသံပေါင်ကြိုးတံတားအမျိုးအစား ရွေလောင်းတံတားကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံထောင်ချောင်းဘေးရှိ ရေနက်ကွင်းဧက ၂၂၀၀၀ကျော် အကျိုးသက်ရောက်မှုရှိမည့် ကျုံထော်ရေထိန်းတံခါးကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)



မကွေးတိုင်း အောင်လံမြို့နယ်အတွင်း စိုက်ပျိုးဧက ၁၂၀၀၀ကို ရေပေးဝေနိုင်မည့် ဘွက်ကြီးရေလှောင်တမံ ရေထုတ်ပြွန်လက်ယာတူးမြောင်းမှ ရေပေးဝေနေသည့် မြင်ကွင်းကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

လင်းခေးမြို့နယ်ရှိ လင်းခေးတံတား

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးမြို့နယ် နမ့်တိန်ချောင်းပေါ်၌ ဖြတ်သန်းတည်ဆောက်ထားသည့် အရှည်ပေ ၃၀၀ ရှိသော လင်းခေးတံတားကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ရှေ့ဆက်သွားမည့်မူဝါ
ပထမဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေးအတွက် လိုအ
အမျိုးသားညီလာခံတက်ရောက်မည့်ကိုယ်စားလှယ်များ သက်သာချောင်ချိစွာနေထိုင်

* ကျောဖုံးမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပထမဆုံးအဆင့် ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေးအတွက် လိုအပ်သည့်ကြိုတင် ပြင်ဆင်ဆောင်ရွက်မှုများကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဦးဆောင်သော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းထုတ်ပြန်ပေးခဲ့ပြီးနောက် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်း အရပ်ရပ်ကို အချိန်တိုကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြောင်း။

လှည့်လည်ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးအပြီးတွင် အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

အချိန်နီးကပ်လာ

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲရေးကော်မတီတို့ကို ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းများကို စီမံဆောင်ရွက်ခဲ့ရာ ယခုအခါတွင် အမျိုးသားညီလာခံသို့ တက်ရောက်မည့် ကိုယ်စားလှယ်များကို ဖိတ်ကြားထားပြီးဖြစ်သကဲ့သို့ အမျိုးသားညီလာခံ ကျင်းပမည့် နေ့ရက်မှာလည်း တဖြည်းဖြည်း အချိန်နီးကပ်လာခဲ့ပြီဖြစ်ကြောင်း။

ပြည့်ပြည့်ဝဝဖြစ်ထွန်းနေ

တစ်ဖက်တွင်လည်း အမျိုးသားညီလာခံကျင်းပရာတွင် ညီလာခံလုပ်ငန်းများ ပြည့်ပြည့်ဝဝအောင်မြင်ဖြစ်ထွန်းစေရအောင်နှင့် ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ စိတ်အေးချမ်းမြေ့ ကျန်းမာရွှင်လန်းစွာ တက်ရောက်နိုင်စေရအောင် အမျိုးသားညီလာခံခန်းမကြီးနှင့်တကွ အမျိုးသားညီလာခံကျင်းပမည့် ပရဝဏ်တစ်ခုလုံးကို သန့်ရှင်းသပ်ရပ် သာယာလှပခံ့ညား ထည်ဝါစေရေးအတွက် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများကို အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်သည့် လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများ ဖွဲ့စည်းပြီး အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ကြောင်း။

ယင်းသို့ အမျိုးသားညီလာခံကျင်းပမည့် ညီလာခံခန်းမကြီးနှင့်တကွ ပရဝဏ်တစ်ရပ်လုံးကို လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ရေးအတွက် ဖွဲ့စည်းပေးခဲ့သော–

- အစည်းဝေးခန်းမ ပြင်ဆင်မွမ်းမံမှု ကော်မတီ၊
- ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကော်မတီ၊
- လျှပ်စစ်မီးတိုင်များ အလှဆင်ရေးကော်မတီ၊

လေကြောင်း ရဲညွှန့်လောင်းအခြေခံနှင့်တန်းမြင့်သင်တန်းဆင်းပွဲ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်းအမှတ်စဉ် (၁/၂၀၀၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံလမ်းနှင့် အနောက်မြင်းပြိုင်ကွင်းလမ်းထောင့်ရှိ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး သင်တန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်မောင်ထွန်းနှင့် တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင်ဆန်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်းနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လေကြောင်းရဲညွှန့်လောင်းအခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းတို့တွင် တက်ရောက်သင်ကြားကြမည့် သင်တန်းသားများအနေဖြင့် သင်တန်းက ပို့ချသင်ကြားပေးမည့် လေကြောင်းဘာသာရပ်ဆိုင်ရာ အသိပညာ အတတ်ပညာများကို စိတ်ပါဝင်စားစွာ လေ့လာဆည်းပူးသင်ယူပြီး ထူးချွန်ထက်မြက်သည့် သင်တန်းသားများဖြစ်အောင် ကြိုးစားအားထုတ်ရေး၊ တပ်မတော်(လေ)က သင်ကြားပေးမည့် အခြေခံကောင်းများကိုရယူပြီး အာကာသသိပ္ပံ သိပ္ပံပညာရှင်များဖြစ်သည်အထိ ကြိုးစားအားထုတ်ကြရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို တပ်မတော်နှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်မောင်ထွန်းက သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ဖွင့်လှစ်သည့် တပ်မတော်(လေ) လေကြောင်း ရဲညွှန့်လောင်း အခြေခံသင်တန်းတွင် သင်တန်းသား ၅၀ နှင့် တန်းမြင့်သင်တန်းတွင် သင်တန်းသား ၂၅ဦးတို့ တက်ရောက်ပညာသင်ကြားကြမည်ဖြစ်ပြီးသင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂူရှူးအဖွဲ့ထွက်ခွာ

ဧပြီ ၂၆ ရက်က တရုတ်နိုင်ငံ၌ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် ထွက်ခွာသွားသော မြန်မာဂူရှူးအားကစားအဖွဲ့မှ မဆွေဆွေသန့်(စက်မှု–၁)၊မောင်ပြည့်ဝေဖြိုး(မြို့တော်စည်ပင်)၊မောင်အောင်စည်သူ(မြို့တော်စည်ပင်)၊ မအိခိုင်ထွေး၊ မနှင်းယုဖုံနှင့် မောင်ဇိုခိုမန်းတို့အား ဂူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ထိုင်းနိုင်ငံမှ ညွှန်ချုပ်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဧပြီ ၂၆

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Piamsak Milintachinda ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့သည် သတ္တမအကြိမ် မြန်မာ–ထိုင်း နှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုင်းကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၁ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်း ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှစ်ဦးတို့က နှစ်ပတ်လည်ညှိနှိုင်း အစည်းအဝေးနှင့်စပ်လျဉ်းသည့် သဘောတူအစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)

ည့်မှုဝါဒလမ်းစဉ်(၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌
် လိုအပ်သည့်ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ စနစ်တကျဆောင်ရွက်လျက်ရှိ
နေထိုင်နိုင်ရေး သက်ဆိုင်ရာကော်မတီအသီးသီးက ပြည့်ပြည့်စုံစုံစီမံဆောင်ရွက်ထားပြီးဖြစ်

- တည်ဆောက်ရေး ပစ္စည်းများ စုဆောင်းရေးကော်မတီ၊
- အဆောက်အအုံ တိုးချဲ့ပြင်ဆင်မွမ်းမံရေးကော်မတီ၊
- အားကစားဆိုင်ရာ ကော်မတီ၊
- သက်သာချောင်ချိရေး ကော်မတီ၊
- ဆက်သွယ်ရေးဆိုင်ရာ ကော်မတီနှင့်
- ဖျော်ဖြေရေးဆိုင်ရာ ကော်မတီ

စသည့် ကော်မတီအသီးသီးအနေဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြသဖြင့် လုပ်ငန်းများပြည့်ပြည့်ဝဝ ဖြစ်ထွန်းနေပြီဖြစ်သည်ကို တွေ့ရကြောင်း။

အမျိုးသားညီလာခံသို့ တက်ရောက်လာမည့် ကိုယ်စားလှယ်များတွင် တိုင်းရင်းသားလူမျိုးစုံ၊ အသက်အရွယ်စုံပါဝင်လာမှာဖြစ်ကြောင်း။

တည်ဆောက်ပေးထားပြီး

သာဓကအနေဖြင့် ပြောရလျှင် ကျန်းမာရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်များပါဝင်နိုင်သလို ဆေးဝါးမှီဝဲရန်လိုအပ်သည့် ပုဂ္ဂိုလ်များ၊ ပုံမှန်ကျန်းမာရေး စောင့်ရှောက်မှုလိုအပ်သည့် ပုဂ္ဂိုလ်များ စသည်ဖြင့်ပါဝင်နိုင်ရာ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် ခေတ်မီရောဂါရှာဖွေရေး၊ ကုသရေးနှင့် ဆေးရုံသုံး ပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ ပါရဂူသမားတော်ကြီးများဖြင့် ပြည့်စုံသည့် ဆေးရုံတစ်ရုံကို အမျိုးသားညီလာခံကျင်းပရာ ပရဝဏ်အတွင်း၌ တည်ဆောက်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ထို့အပြင် အမျိုးသားညီလာခံ တက်ရောက်မည့်ကိုယ်စားလှယ်များ သက်သာချောင်ချိစွာနေထိုင်နိုင်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ မှီဝဲနိုင်ရေး၊ သက်သောင့်သက်သာဖြင့် ကျန်းမာပျော်ရွှင်စွာညီလာခံတက်ရောက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာကော်မတီ အသီးသီးက ပြည့်ပြည့်စုံစုံ စီမံဆောင်ရွက်ထားပြီးဖြစ်သည်ကို တွေ့ရကြောင်း။

ရှင်းလင်းတင်ပြ

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင်အနေဖြင့် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အကောင်းဆုံးဆောင်ရွက်

ဤအမျိုးသားညီလာခံကျင်းပရာ ပရဝဏ်ကြီးအတွင်း သစ်လွင်ခံ့ညားထည်ဝါသည့် အမျိုးသားညီလာခံခန်းမကြီးနှင့်တကွ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ညှိနှိုင်းဆွေးနွေးမည့် အစည်းအဝေးခန်းများ၊ သန့်ရှင်းသပ်ရပ်သည့် အိပ်ဆောင်များ၊ ကျန်းမာရေးအတွက် အားကစားလှုပ်ရှားနိုင်သည့် အားကစားကွင်း၊ အားကစားရုံများ၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေး လုပ်ငန်းများစသည်ဖြင့် လိုအပ်သည့် အခြေခံများအားလုံးကို တစုတစည်းတည်း ပြည့်စုံစွာတည်ရှိစေရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေကြေး မြောက်မြားစွာကျခံသုံးစွဲပြီး အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ဤကဲ့သို့ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြည့်ဝစွာစီမံဆောင်ရွက်ထားပြီးဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကြိုတင်ပြင်ဆင်တည်ဆောက်မှု ကော်မတီအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များကို ယနေ့စုံစုံညီညီတွေ့ဆုံ၍ လုပ်ငန်းများအပြီးသတ်သုံးသပ်စစ်ဆေးပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အနေဖြင့်လည်း အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆောင်ရွက်ပေးရန်များရှိက တင်ပြစေလိုကြောင်း ပြောကြားသည်။

ပြည့်စုံစွာဆောင်ရွက်ထား

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အနေဖြင့် စီစဉ်ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြပြီး တည်ဆောက်ရေးဆိုင်ရာ ကော်မတီအသီးသီးက ဆောင်ရွက်ပေးထားသည့် ညီလာခံခန်းမ၊ အစုအဖွဲ့လိုက် အစည်းအဝေးခန်းများ၊ အိပ်ဆောင်၊ စားရိပ်သာဆောင်၊ အားကစားရုံ၊ အားကစားကွင်း၊ သက်သာချောင်ချိရေးဆိုင်၊ ဆက်သွယ်ရေး၊ ဖျော်ဖြေရေးလုပ်ငန်းများပြည့်စုံစွာ ဆောင်ရွက်ထားရှိမှု အခြေအနေကို တင်ပြကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တည်ဆောက်ရေးဆိုင်ရာ ကော်မတီအသီးသီးမှ ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများက ပြည်ထောင်စုခန်းမအပါအဝင် အစည်းအဝေးခန်းများ၊ ဆက်စပ်အဆောက်အအုံများ မွမ်းမံထားမှုနှင့် လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ လျှပ်စစ်မီးတိုင်များ အလှဆင်ခြင်းလုပ်ငန်း၊ အဆောက်အအုံတိုးချဲ့ မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊ ညီလာခံကိုယ်စားလှယ်များအတွက် အားကစားဆိုင်ရာ လုပ်ငန်းများ၊ သက်သာချောင်ချိရေးလုပ်ငန်း၊ ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုခန်းမ ပြင်ဆင်ထားမှု၊ ညီလာခံကိုယ်စားလှယ်များ၏ အပန်းဖြေဆောင်၊ အိပ်ဆောင်နှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ သက်သာ အရောင်းဆိုင်များဖြစ်ကြသည့် ရန်ကုန်တိုင်း အစိုးရဝန်ထမ်းပေါင်းစုံ (ဂျီအီးစီ)အရောင်းဆိုင်များ၊ ဝင်းသူဇာအရောင်းဆိုင်၊ GHC (သမဝါယမ) ဆေးဆိုင်၊ ဝန်ထမ်းသက်သာဓာတ်ပုံဆိုင်၊ အလှပြင်ဆိုင်၊ မြန်မာ့မျက်မှန်ဆိုင်နှင့် ဆက်သွယ်ရေးစခန်းတို့ကိုလည်းကောင်း၊ အားကစားခန်းမ၊ ဆွေးနွေးပွဲခန်းမနှင့် ဆေးရုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညောင်နှစ်ပင်ကွင်းစခန်းမှ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ကမ္ဘာအေးဘုရား စေတီသုံးဆူ ရွှေထီးတော်တင်ပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၆

ညောင်ကန်အေးဆရာတော်၏ သက်တော်(၆၅)နှစ်ပြည့် မွေးနေ့ဖြစ်သော ဧပြီ ၁၆ ရက် (မဟာသင်္ကြန်အတက်နေ့) နံနက် ၆း၃၀ နာရီအချိန်တွင် အင်းစိန်မြို့နယ် မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ငါးထပ်ဓမ္မဗိမာန်တော်ကြီး တတိယထပ်သာသနာအေးသိမ်တော်ကြီး ခေါင်းရင်းတွင် တည်ထားကိုးကွယ်ထားသော လှိုင်မြို့နယ် ဦးမြင့်ဆွေ-ဒေါ်နုနု မိသားစုက မြန်မာနိုင်ငံ ကမ္ဘာအေးဘုရားစေတီ၊ ပန်းဘဲတန်းမြို့နယ် ဒေါ်စန်းကြည်၊ ဒေါ်ခင်ခင် (မိဘမေတ္တာအထပ်သား)မိသားစုက ဂျပန်နိုင်ငံကမ္ဘာအေးဘုရားစေတီ၊ ကမာရွတ်မြို့နယ် ဦးထွန်းလွင်-ဒေါ်ခင်သွယ်အေး မိသားစုက အင်္ဂလန်နိုင်ငံ ကမ္ဘာအေးဘုရားစေတီတို့ကို ရွှေထီးတော်တင်ပူဇော်ပွဲကိုကျင်းပရာ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တကူန္ဒက အမှူးရှိသော ပင့်သံဃာ ၁၆ ပါးနှင့် ဒါယကာဒါယိကာမများ၊ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စအမှုဆောင်များနှင့် ယောဂီ ၄၀၀ ကျော်တို့က ရတနာသုံးပါးဂုဏ်တော်များနှင့် ပဋ္ဌာန်း ၂၄ပစ္စည်း ပါဠိတော်များကို ရွတ်ဖတ်ပူဇော်၍ ရွှေထီးတော်များကို တင်လှူပူဇော်ကြကြောင်း သိရသည်။ **(က-ပ)**

ဘင်္ဂလားဒေ့ရှ်ချစ်ကြည်ရေးအဖွဲ့ ရန်ကုန်မြို့တွင်းလှည့်လည်လေ့လာ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော်(ကြည်း၊ရေ၊လေ) ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အာဇာနည်လမ်းရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ရောက်ရှိလာရာ သူရဲကောင်းစစ်သည်ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ငယ် ဥက္ကဋ္ဌ ရန်ကုန်တပ်နယ်မှူး တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

မှတ်တမ်းလက်မှတ်ထိုး

ထို့နောက် ဘင်္ဂလားဒေ့ရှ်တပ်မတော် (ကြည်း၊ရေ၊လေ)ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းစစ်သည်များအား ပန်းခြင်းချ အလေးပြုကြပြီး ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc က သူရဲကောင်းစစ်သည်ဗိမာန်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် ဓိဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်ကို သွားရောက်ဂါရဝပြုကြသည်။

စစ်သမိုင်းပြတိုက်လေ့လာ

ဆက်လက်၍ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာကြရာ ကာကွယ်ရေးဝန်ကြီးဌာန စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးမှ ဗိုလ်မှူးကျော်ကျော်မြင့်က ပြတိုက်အတွင်းရှိ ပြခန်းများအလိုက် လှည့်လည်ရှင်းလင်းပြသသည်။

ထို့နောက် ဘင်္ဂလားဒေ့ရှ်တပ်မတော်(ကြည်း၊ရေ၊လေ)ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်ကို သွားရောက်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက စေတီတော်သမိုင်းနှင့် သာသနိကအဆောက်အအုံများအကြောင်းကို လှည့်လည်ရှင်းလင်း ပြသကြသည်။ **(သတင်းစဉ်)**

ပန်းခြင်းချအလေးပြု

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Major General AIM Mustafa Reza Noor, ndc ခေါင်းဆောင်သည့် ဘင်္ဂလားဒေ့ရှ် တပ်မတော်(ကြည်း၊ရေ၊လေ)ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ သူရဲကောင်းစစ်သည်ဗိမာန်တွင် သူရဲကောင်းစစ်သည်များအား ပန်းခြင်းချအလေးပြုကြစဉ်။ (သတင်းစဉ်)

ပုသိမ်မြို့ မြို့မဆရာတော် ဝိဇာတမင်္ဂလာ

ရန်ကုန် ဧပြီ ၂၆

ပုသိမ်မြို့ မြို့မဓမ္မရိပ်သာ ကျောင်းတိုက် ပဓာနနာယက ပရဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ကောဝိဒ မဟာထေရ် မြို့မဆရာတော်၏ သက်တော်(၇၀)ပြည့် မွေးနေ့ ဝိဇာတမင်္ဂလာအလှူတော်ကို မေ ၁ ရက်မှစ၍ သုံးရက်တိုင်တိုင်ငွေဆောင်ကမ်းခြေ သဇင်ကျေးရွာရှိ ကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် တပည့်ဒါယကာ ဒါယိကာမများက စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာစာပေ

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ရှေးမြန်မာကြီးများသည် အနာဂတ်ခေတ်တွင် ပေါ်ပေါက်လာကြမည့် နောင်လာနောက်သားတို့ အကျိုးကိုမျှော်ကိုးကြလျက် မြန်မာစာပေကို ကြိုးပမ်းပြုစုခြင်း၊ ရှိရင်းစာပေတို့ကို ဝေါဟာရကြွယ်ဝလာစေရန် သဒ္ဒါ၊ အလင်္ကာ၊ ဆန်းစသော ကျမ်းအမျိုးမျိုးတို့ဖြင့် ညှိနှိုင်းတိုက်ဆိုင်ပြုပြင်စီမံခဲ့ခြင်း၊ ထိုကဲ့သို့ တိုးတက်သောစာပေတို့ကို ပျက်စီး ပျောက်ကွယ်မှုမရှိရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း စသော ကြိုးပမ်းမှုအရပ်ရပ်ကို ပြုလုပ်ကြခြင်းကြောင့် ယခုကျွန်ုပ်တို့ခေတ်တွင် မြန်မာစာပေသည် ဝေါဟာရနယ်တွင် ပြည့်ပြည့်ဝဝ လောက်ငဖွံ့ဖြိုးသည်သာမက ကမ္ဘာ့ဘာသာရပ်မျိုးစုံတို့ကို ဘာသာပြန်ဆိုနိုင်သော အခြေသို့ ရောက်ရှိနေသည်ကို တွေ့ရခြင်းဖြစ်သည်။

မြန်မာစာပေကို နည်းမျိုးစုံဖြင့် ဖြန့်ကြက် မြှင့်တင်လျက်ရှိသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များက **ပညာဘဏ်တိုက် စာကြည့်တိုက်၊** မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက **ဖြန့်ဖြူးပညာ တို့ဝန်တာ၊** ရန်ကုန်တက္ကသိုလ်များ စာကြည့်တိုက်က **ပညာရှာသူ တို့ဝိုင်းကူ** ဆောင်ပုဒ်အသီးသီး ချမှတ်ထားကြသည်ကို တွေ့ရသည်။ ပညာတန်ဆောင်စာကြည့်တိုက်တွင် တွေ့ရသော ဆောင်ပုဒ်မှာ ကဗျာဆန်လှသည်။

ရုပ်အလှအတွက် မှန်ကြည့်သလို ဘဝအလှအတွက် စာကြည့်ပါ ဟူ၍ ဖြစ်သည်။

စာကြည့်တိုက်များသည် အတွေးအခေါ်ပညာရှင်ကြီးများ၊ သမိုင်းဆရာကြီးများ၊ ကဗျာစာဆိုကဝိများ၊ စာပေပညာရှင်ကြီးများ၏ အတွေးအမြင်၊ အယူအဆ၊ ဒဿနများကို စုဆောင်းထားသိုရာ ဘဏ်တိုက်ကြီးများပင် ဖြစ်သည်။

၂၀၀၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၃)ကြိမ်မြောက် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အောက်ပါအတိုင်း အမှာစကားပြောကြားခဲ့သည်-

> **ရှည်လျားခိုင်မာသည့် သမိုင်းစဉ်တစ်လျှောက်တွင် စာပေနှင့်ယဉ်ကျေးမှု အစဉ်အလာကြီးမားထွန်းတောက်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် ယနေ့ထက်တိုင် အမျိုးသားစာပေဆိုသည့် အမျိုးသားယဉ်ကျေးမှု အမွေခံကောင်းတစ်ရပ်ကို ခိုင်ခိုင်မာမာ တည်တည်တံ့တံ့ ထိန်းသိမ်းထားနိုင်ဆဲဖြစ်တာဟာ မြန်မာနိုင်ငံသားအားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် တစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။**
>
> **ယခုလို အမျိုးသားစာပေယဉ်ကျေးမှု အမွေခံကောင်းများ ယနေ့ထက်တိုင် ခိုင်မာဝင့်ကြွားစွာ တည်တံ့ခိုင်မြဲနေခြင်းသည် ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့ကြသည့် စာပေပညာရှင်များအားလုံးက မိမိတို့၏ စာပေဗဟုသုတ ကုံလုံကြွယ်ဝမှု၊ ဉာဏ်ရည်ထူးချွန်ထက်မြက်မှု၊ ဘဝအတွေ့အကြုံ ရင့်ကျက်ခိုင်မာမှု၊ အတွေးအခေါ် အမြော်အမြင် ကြည်လင်နက်ရှိုင်းမှုတို့နှင့် ပြည်သူများအပေါ် ထားရှိသည့် စေတနာ၊ သဒ္ဓါ မေတ္တာတို့ ပေါင်းစပ်ပြီး တိုင်းကျိုးပြည်ပြု အမျိုးသားစာပေများကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်နိုင်ကြလို့ပဲဖြစ်တာ သိသာထင်ရှားလှကြောင်း"**ဟူ၍ မြွက်ကြားခဲ့သည်။

စာပေစွမ်းပကားဖြင့် နိုင်ငံတော်နှင့် လူမျိုး၏ဂုဏ်သိက္ခာတိုးတက်မြင့်မားအောင် ခေတ်အဆက်ဆက်စွမ်းဆောင်မြှင့်တင်ပေးခဲ့ကြသည့် စာပေပညာရှင်ကြီးများ၏ ကျေးဇူးတရားကို ဆင်ခြင်အောက်မေ့ရင်း စာပေပညာရှင်ကြီးများ ရင်ဝယ် ပျိုးထောင်သယ်ပိုးလာခဲ့သည့် အမျိုးသားစာပေ အမွေအနှစ်များ အနာဂတ်ကာလ နှစ်ပေါင်းရာထောင်တိုင် ဆက်လက်ဝေဆာ ဖွံ့ဖြိုးစေရအောင် နိုင်ငံတော် အစိုးရက အားပေးချီးမြှောက်လျက် ရှိနေသည်။

ပါဠိစာပေခေတ်ဟု ခေါ်ကြသော ပုဂံခေတ်မှစ၍ မြန်မာစာပေခေတ်ဖြစ်သော ဒုတိယအင်းဝခေတ်တွင် မြန်မာစာပေသည် ရင့်သန်ဖွံ့ဖြိုးလာပြီးလျှင် စာပေ၏အညွန့်ဖြစ်သော ကဗျာ၊ လင်္ကာများသည် လွန်စွာထွန်းကားလာခဲ့သည်။ ထိုမှနောက် ကုန်းဘောင်ခေတ်တစ်လျှောက်တွင် ကဗျာ၊ လင်္ကာများမှတစ်ဆင့် အချင်းငယ်အပါအဝင် ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ဘောလယ်စသော ကဗျာသစ်များသည် အဖူးအပွင့်တို့ ဝေစည်လာကြောင်း တွေ့ရှိရသည်။

မျက်မှောက်ကာလတွင် စာအုပ်၊ စာစောင်၊ မဂ္ဂဇင်းအပါအဝင် စာပေအမျိုးအစားပေါင်း ၇၀၀၀ကျော် နှစ်စဉ်ပုံနှိပ် ထုတ်ဝေလျက်ရှိသည်။ ပျမ်းမျှအားဖြင့် လစဉ်စာပေအမျိုးအစားပေါင်း ၇၀၀ကျော်နှင့် စာအုပ်ပေါင်း လေးသိန်းနီးပါး ထုတ်ဝေလျက်ရှိနေသည်။

၂၀၀၂ခုနှစ် အမျိုးသားစာပေဆုများအနက် ပြဇာတ်စာပေကလွဲ၍ ဘာသာရပ် ၁၃မျိုး ချီးမြှင့်နိုင်ကြောင်း တွေ့ရသည်။ ၁၉၆၂ခုနှစ်ကစပြီး ၂၀၀၂ခုနှစ်အထိ ချီးမြှင့်ခဲ့သည့် အမျိုးသားစာပေဆုများကိုကြည့်လျှင် ၃၆၈ဆု ရှိနေပြီဖြစ်သည်။ အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကို ၁၉၈၉ ခုနှစ်ကစပြီး ကျင်းပလာခဲ့ရာမှ ၂၀၀၂ခုနှစ်အထိ ဆုပေါင်း ၃၇၀ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

၁၉၆၉ခုနှစ်က စတင်ခဲ့သည့် စာပေဗိမာန်စာမူဆုပြိုင်ပွဲအတွက် ဘာသာရပ် ၁၂မျိုး သတ်မှတ်ပြီး ချီးမြှင့်လာခဲ့ရာမှာ ၂၀၀၂ခုနှစ် ချီးမြှင့်သည့် ဘာသာရပ် ၁၁မျိုးအတွက် ၂၇ဆုအပါအဝင် ဆုအရေအတွက်ပေါင်း ၅၁၂ဆု ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

တစ်နည်းပြောရလျှင် စာပေကလောင်ရှင်များ၏ လက်ရာမွန်၊ လက်ရာကောင်း ၅၀၀ကျော် ပုံနှိပ်စာအုပ်များအဖြစ် ပေါ်ထွက်လာပြီး ထိုလက်ရာကောင်း၊ လက်ရာမွန်များထဲက အမျိုးသားစာပေဆုများကို ထပ်ဆင့်ဆွတ်ခူးရရှိခဲ့ကြောင်း တွေ့မြင်နေရသည်။

ဤအခြေအနေများကိုကြည့်လျှင် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှုသည် အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း အစဉ်အလာမပျက် တည့်မတ်ခိုင်မာစွာ ဆက်လက် ဖွံ့ဖြိုးစည်ပင်နေသည့်အပြင် အရည်အသွေးနှင့်အဆင့်အတန်းပါ တိုးတက်မြင့်မားလာလျက်ရှိသည်မှာ အထင်အရှားပင်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ထုတ်ဝေနေသည့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ၂၃-၅-၂၀၀၃ ရက် နံနက် ၉နာရီခွဲတွင် ကုန်သည်လမ်း (စာပေဗိမာန်ရုံး)ရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းရိုက်နှိပ်ထုတ်ဝေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ **"ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာကောင်းပေမွန်များကို မျိုးစေ့ချစိုက်ပျိုးရသည့် ဥယျာဉ်မှူးတစ်ဦးကဲ့သို့ များစွာဂုဏ်ယူမိကြောင်း၊ စာပေပညာရှင်များအနေဖြင့်လည်း အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားစရိုက်လက္ခဏာ၊မြန်မာ့စိတ်ရင်းစေတနာတို့ကို အခြေခံထုံမွမ်းထားသည့် မြန်မာဝတ္ထု၊ကဗျာ၊ဆောင်းပါး စာစုများကို ပြည်တွင်းသာမက အင်္ဂလိပ်ဘာသာသို့ပြန်ဆိုပြီး ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် စတင် ထိုးဖောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သင့်ကြပြီဟုလည်း မှာကြားလိုကြောင်း"** ဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရှိ စာရေးဆရာများ၊ စာပေထုတ်ဝေသူများနှင့် Forever Group တို့၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် မြန်မာနိုင်ငံမှ စာရေးဆရာများ ရေးသားကြသည့် စာအုပ်များ စုစုပေါင်းအုပ် ၁၅၀၀ ကို အင်တာနက်မှတစ်ဆင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဖြန့်ချိလျက်ရှိသည်။

မြန်မာဘာသာဖြင့် ရေးသားထားသော စာအုပ်များကို အွန်လိုင်းမှတစ်ဆင့် ဖတ်ရှုဝယ်ယူနိုင်သည့် တစ်ခုတည်းသော ဝက်ဘ်ပေါ်တယ်တွင် ပြည်ပမှ ကြည့်ရှုသူဦးရေ ပိုမိုများပြားကြောင်း၊ ၎င်းပေါ်တယ်ကို ထုတ်လွှင့်သည့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမဆုံး အီလက်ထရွန်နစ် စာအုပ်ဝက်ဘ်ဆိုက်ပါဝင်သည့် ဖော်အဲဗားဂ္လုန်ကုမ္ပဏီ၏ ဝက်ဘ်ပေါ်တယ် www.Foreverspace.com ကို ပြည်တွင်း၊ ပြည်ပမှ နေ့စဉ် ဝင်ရောက်ကြည့်ရှုသူ သုံးထောင်ခန့် ရှိကြောင်း သိရသည်။

ဝက်ဘ်ဆိုက်ကြည့်ရှုသူများ၏ ၆၀ရာခိုင်နှုန်းခန့်မှာ အမေရိကန်နိုင်ငံမှဖြစ်ပြီး ကျန်ရာခိုင်နှုန်းမှာ ပြည်တွင်းနှင့် အခြားနိုင်ငံများမှ ကြည့်သူများဖြစ်သည်။

မြန်မာနိုင်ငံတွင် ထုတ်ဝေလျက်ရှိသည့် မြန်မာသတင်းစာများ၊ ဘာသာရေးစာအုပ်များ၊ ဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ ဂျာနယ်များနှင့် ကာတွန်းများကို Internet ပေါ်တွင် စုစည်းတင်ပြထားသည့် အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေသူများက Books For All စာအုပ်ဆိုင်တစ်ဆိုင် ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သည်။

e.Book Project သည် မြန်မာစာအုပ်များကို Internet ပေါ်တင်ပြီး e.Book အနေဖြင့် ဈေးကွက်သစ်ရှာဖွေကြမှာ ဖြစ်သည်။ ဆိုင်တွင် မြန်မာစာအုပ်မျိုးစုံကို တစ်နေရာတည်းမှာ တစုတဝေးတည်း ရနိုင်အောင် ပြုလုပ်ထားသည်။ အဓိကမှာ မြန်မာစာအုပ်များကို e.Book အနေဖြင့် Internet ပေါ်တင်ခြင်းဖြစ်သည်။ အထောက်အကူတစ်ခုအနေဖြင့် အဆိုပါ စာအုပ်ဆိုင်ကို ဖွင့်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာစာပေသည် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ မျက်မှောက်ခေတ်၌လည်း ဆက်သွယ်ရေးနည်းပညာများ ဖွံ့ဖြိုးလာသည့်နည်းတူ ခေတ်မီနည်းပညာများကို အသုံးချ၍ မြန်မာစာပေဖြင့် ကမ္ဘာသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းလျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပုစွန်မွေးမြူရေးလုပ်ငန်း တိုင်းမှူးဗိုလ်မှူးချုပ်အုန်းမြင့်ကြည့်ရှုစစ်ဆေး အထွက်နှုန်းတိုးတက်အောင် စနစ်တကျဆောင်ရွက်ရေးမှာကြား

ရန်ကုန် ဧပြီ ၂၆

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဌာဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၄ရက် နံနက်ပိုင်းက မြိတ်မြို့ ရွှေပေးဒေသ ပုစွန်မွေးမြူရေးဇုန်သို့ရောက်ရှိပြီး Golden Myeik shrimps Farming Co.,Ltd. က ဆောင်ရွက်လျက်ရှိသည့် ပုစွန်မွေးမြူရေးကန်များနှင့် ပုစွန်ကန်များ တိုးချဲ့တူးဖော်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးက တာဝန်ရှိသူများအား ရွှေပေးဒေသ ပုစွန်မွေးမြူရေးဇုန်တွင် ပုစွန်ကန်ဧက ၃၀ပြည့်မီအောင် မွေးမြူရေး၊ ကန်များအလိုက် ပုစွန်အထွက်နှုန်းတိုးအောင် စနစ်တကျဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည် မြိတ်မြို့နယ် လွတ်လွတ်ဒေသရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ရေငန်ပုစွန်မွေးမြူရေးစီမံကိန်းသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တိုင်းမှူးအား ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက လွတ်လွတ်မွေးမြူရေးဇုန်တွင် ပုစွန်ကန်များ တူးဖော်နေမှုနှင့် ပုစွန်မွေးမြူမည့် အခြေအနေများကိုလည်းကောင်း၊ သာထူးအောင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းလှိုင်ဇော်က စက်ယန္တရားများဖြင့် ပုစွန်ကန်များ တူးဖော်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက်တိုင်းမှူးက ပုစွန်သားပေါက်များ တိုင်းအတွင်း အလုံအလောက် ဖြန့်ချိနိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားရှိရေး၊ ပုစွန်ကန်များနှင့် တစ်ဆက် တစ်စပ်တည်းရှိပြီး ပုစွန်မွေးမြူရန် မသင့်လျော်သည့် နေရာများတွင် ကကတစ် ငါးများ စီးပွားဖြစ် မွေးမြူရေး၊ ပင်လယ်ကမ်းခြေတစ်လျှောက် ချောင်းပိတ်နိုင်သည့် နေရာများတွင် တာပိတ်ပြီး စပါးစိုက်ပျိုးရေး၊ တိုင်းအတွင်း ပုစွန်ဧက ၁၅၀၀၀ မွေးမြူရန်လျာထားဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

နှစ်ထပ် ဆွမ်းစားကျောင်း ဆောက်လုပ်ရေး လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၂၆

ဧရာဝတီတိုင်း ဟင်္သာတမြို့ မိုးကောင်းပရိယတ္တိစာသင်တိုက်တွင် စာချ၊ စာသင်သံဃာတော်အပါး ၅၀၀ကျော်တို့ သီတင်းသုံး စာသင်ကြားနိုင်ရေးအတွက် လိုအပ်လျက်ရှိသော နှစ်ထပ်ဆွမ်းစားကျောင်း အလျားပေ ၁၅၀၊ အနံပေ ၅၀ရှိ နှစ်ထပ်ကျောင်း ဆောက်လုပ်လှူဒါန်းနိုင်ရန် စီမံလျက်ရှိရာ သာသနာပြုအသင်း မိုးကောင်းပရိယတ္တိစာသင်တိုက် တာကလေးရပ် သီရိလမ်း ဟင်္သာတမြို့ ဖုန်း-၀၄၄-၂၁၃၈၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဧပြီ ၁၈ရက်က တာမွေမြို့နယ် အမက(၂၇)တွင် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေး အပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မြင့်က စတုတ္ထတန်းမှ မသက်ဆုဝေအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေး အပ်စဉ်။ (က-ပ)

သင်္ဘောသားအကူအခြေခံသင်တန်းဖွင့် အခမ်းအနားကျင်းပ ပို့ဆောင်ရေးဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သင်္ဘောသားအကူအခြေခံသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မြသီတာရေယာဉ်ပေါ်ရှိ သက္ကဒါန် ရေပေါ်သင်တန်းကျောင်း၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။ (အောက်ပုံ)

အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဌာနများမှ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အောက်ရှိ စက်ရှိ၊ စက်မဲ့ရေယာဉ်များတွင် တာဝန်ထမ်းဆောင်ရန်အတွက် ပြင်ပမှ သင်တန်းသားသစ်များ ခေါ်ယူသင်တန်းပေးခြင်းဖြစ်ပြီး သင်တန်းသားဦးရေမှာ ၉၃ ဦးဖြစ်သည်။ သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်သည်။

အမှာစကား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် နှစ်ချုပ်လုပ်ငန်း သုံးသပ်ချက်နှင့် ၂၀၀၄-၂၀၀၅ ခုနှစ် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံလှသော်နှင့် ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်း အသီးသီးမှ အရာထမ်း ကိုယ်စားလှယ်များတက်ရောက်ကြပြီး အဆိုပါ အစည်းအဝေးကို ယနေ့မှ ဧပြီ ၂၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့ အဆောက်အအုံကို ပြည်ထဲရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့ အတွင်းရေးမှူး သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်သက်ထွင်ဋ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့ အဆောက်အအုံ ပြည်ထဲရေးဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့မှူးရုံးက တာဝန်ယူတည်ဆောက်ပြီးစီးသွားသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံး တိုးချဲ့အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ အဆိုပါတိုးချဲ့အဆောက်အအုံ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အဆောက်အအုံဖွင့်လှစ်ပေး

ဖွင့်ပွဲအစီအစဉ် ပထမပိုင်းကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့ အဆောက်အအုံရှေ့တွင် ကျင်းပရာ ပြည်ထဲ ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့အတွင်းရေးမှူး သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်သက်ထွင်ဋ်တို့က ဖဲကြိုးဖြတ်၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့အဆောက်အအုံကို ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ကမ္ပည်းမော်ကွန်းကို ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရေများဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့ရုံး၏ မြေညီထပ်ဓာတ်ပုံရိုက်ခန်း၊ ပထမထပ်စာအုပ်ထုတ်ပေးခန်း၊ဒုတိယထပ်ရှိ ဌာနခွဲမှူးရုံးခန်းနှင့် တတိယထပ် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်လွှာလက်ခံခန်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံးတိုးချဲ့အဆောက်အအုံ ဖွင့်ပွဲ အစီအစဉ် ဒုတိယပိုင်းကို စတုတ္ထထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်သက်ထွင်ဋ်နှင့် ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်လတ်တို့က မရမ်းကုန်းမြို့နယ် အောင်သပြေ ရဲရိပ်သာဝင်းရှိ သတင်းတပ်ဖွဲ့၊ မှတ်တမ်းရုံး ငါးထပ် အဆောက်အအုံနှင့် ယခုဖွင့်လှစ်သော မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးခြောက်ထပ်ရုံး တိုးချဲ့ အဆောက်အအုံတို့ကို တည်ဆောက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မှတ်တမ်းရုံး ငါးထပ် အဆောက်အအုံမှာ အလျား ပေ ၉၀၊ အနံ ၃၅ ပေ၊ အမြင့် ၅၅ ပေရှိပြီး ၂၀၀၁ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် စတင် ဆောက်လုပ်ခဲ့ရာ ၂၀၀၂ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင်လည်းကောင်း၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး အဖွဲ့ရုံးခြောက်ထပ်ရုံးတိုးချဲ့အဆောက်အအုံမှာ အလျားပေ ၆၀၊ အနံ ၃၉ ပေ၊ အမြင့် ၇၄ ပေရှိပြီး ၂၀၀၃ ခုနှစ် ဇွန် ၁၀ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ၂၀၀၄ခုနှစ် ဧပြီ ၉ ရက်တွင် လည်းကောင်း အချောသပ်ပြီးစီးခဲ့ကြောင်း၊ မှတ်တမ်းရုံး ငါးထပ် အဆောက်အအုံအတွက် ငွေကျပ် ၄၁၅ သိန်း၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံး ခြောက်ထပ်ရုံး တိုးချဲ့အဆောက်အအုံအတွက် ငွေကျပ် သိန်း ၈၀၀ ကျော် အကုန်အကျခံ၍ ဆောက်လုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ တိုးချဲ့ ဆောက်လုပ်ခြင်းအားဖြင့် မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူ ပြည်သူများ အနေဖြင့် လျှောက်လွှာတင်ခြင်းနှင့် မြန်မာနိုင်ငံကူး လက်မှတ်စာအုပ်ထုတ်ယူခြင်းကို လွယ်ကူလျင်မြန်စွာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဆောင်ရွက်နိုင်ခြင်း၊ မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားသူများ၏ ကိုယ်ရေးမှတ်တမ်းများကို စနစ်တကျ ထားသိုသိမ်းဆည်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားကြရမည်ဖြစ်ကြောင်း တင်ပြကြပြီး ဝန်ကြီးက နိုင်ငံကူးလက်မှတ် လျှောက်ထားသူ ပြည်သူများအတွက် လွယ်ကူချောမွေ့စွာ စိတ်စေတနာထား၍ ဆောင်ရွက်ပေးရေး၊ လျင်မြန်စွာ ထုတ်ယူရရှိရေး၊ ပြေပြစ်စွာ ဆက်ဆံပြောဆိုရေးတို့ကို မှာကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးတင်လှိုင်နှင့် ဖိတ်ကြားထားသူများသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံး၏ အမှုစစ်အရာရှိများ အခန်း၊ ကြော်ငြာသင်ပုန်းများထားရှိသည့် အခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး အဖွဲ့ရုံးသည် နိုင်ငံကူးလက်မှတ် လျှောက်ထားသူများအား ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်ပါက လွယ်ကူလျင်မြန်စွာ ရရှိရေးအတွက် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံကူးလက်မှတ်လျှောက်ထားသူများ အနေဖြင့်လည်း ကိုယ်တိုင် ဝန်ထမ်းများနှင့် မေးမြန်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ပွဲစားများမှ တစ်ဆင့် မမှန်မကန် ဆောင်ရွက်ခဲ့သူများအား တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရ သည်။ **(သတင်းစဉ်)**

ဟာသဂျာနယ်အတွဲ(၂)၊ အမှတ်(၃၈)ဖြန့်ချိ

ရန်ကုန် ဧပြီ ၂၆

ကာတွန်းမြင့်သိန်း၏ မျက်နှာဖုံးကာတွန်းနှင့်အတူ တစ်ခေတ်တစ်ခါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မြင်ကွင်းများကို ထိထိမိမိကလိခဲ့၊ သရော်ခဲ့ကြသည့် ကာတွန်းဆရာကြီး ဦးဘဂျမ်းနှင့် ကာတွန်းဆရာကြီးငယ်တို့၏ ကာတွန်းကွက်များအား ပြန်လည်ဖော်ပြထားသော ကာတွန်း မြင့်စိုးလေး၏ ကာတွန်းကော်နာ အပါအဝင် ဆရာပြည့်စုံ(သွေးသောက်)၊ ဆရာသာဂဒိုး၊ မြေဇာ၊ သန်လျင်မောင်မောင်ဦး၊ ဆြာကြီးထိန်၊ မောင်ဉာဏ်ကျယ်၊ ကျော်ဖြိုးလွင်၊ မင်းဝေ၊ အောင်ဟိန်း(ရေဦး)၊ မိုးထက်ငြိမ်း၊ သိန်းသိန်း(ကြို့ပင်ကောက်)၊ အီကွေတာ၊ ဝါးခယ်မ မောင်မင်းနိုင်၊ ဆရာကြီး ထိပ်တင်ဗလရှင်၊ ကျော်ဇောဟိန်း (ဒေါ်ပုံ)၊ ကိုအောင်ငွေသိမ်းတို့၏ ဟာသအတွေးအရေး၊ ရုပ်ရှင်၊ သဘင်များဖြင့် ဟာသဂျာနယ် အတွဲ(၂)၊ အမှတ်(၃၈)ကို ဝါမိုးအောင်စာပေ အမှတ် ၅၂၉ ကုန်သည်လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်း သိရသည်။ **(က-ပ)**

စွန်အလှနှင့်စွန်ဖြတ်ပြိုင်ပွဲကျင်းပရေးစည်းဝေး

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်ကကြီးမှူးကျင်းပမည့် စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကျင်းပရေးအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက အောင်ဆန်း အားကစားပြိုင်ကွင်းရှိ အဖွဲ့ချုပ်ရုံးတည်နေရာတွင် ကျင်းပသည်။

သဘာပတိ

အစည်းအဝေးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ၊ လူမှုထူးချွန်ပထမဆင့်ရ ဒေါ်မိမိခင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အစည်းအဝေးသို့ အဖွဲ့ချုပ် အမှုဆောင်များ၊ စွန်ပညာရှင်များ တက်ရောက်ကြသည်။ စွန်ပညာရှင်များက ပြိုင်ပွဲကျင်းပရေးကိစ္စများကို တင်ပြအကြံဉာဏ်ပြုကြသည်။ ပြိုင်ပွဲဝင်မည့်သူများလေ့ကျင့်ခြင်း၊ လက်ရာမြောက် စွန်အလှများချိုးနိုင်ခြင်းတို့အတွက် အချိန်ပိုပေးရန်တင်ပြသဖြင့် ပြိုင်ပွဲကို မူလသတ်မှတ်ရက်ထက် နောက်ကျ၍ ကျင်းပပေးမည်ဖြစ်ကြောင်း သဘောတူကြသည်။ ပြိုင်ပွဲကျင်းပမည့်ရက်ကို အဖွဲ့ချုပ်က မကြာမီထုတ်ပြန်ကြေညာပေးမည်ဟု သိရသည်။

(မြန်မာ့အလင်း)

ဧပြီ ၂၅ ရက်က ရန်ကုန်ဘူတာကြီးအမှတ်(၁) စင်္ကြံ၌ ခရီးသည်တစ်ဦးကျကျန်ရစ်ခဲ့သော ဆယ်လူလာဖုန်း ကောက်ရ၍ ပိုင်ရှင်ထံရိုးသားစွာ အပ်နှံခဲ့သည့် ရန်ကုန်ဘူတာကြီး(သီးသန့်) ပြည်တွင်းကုန်တင် ကုန်ချဌာနမှ လုပ်သား ဦးတင်ဝင်းအား မြန်မာ့မီးရထား အထွေထွေမန်နေဂျာ (သွား/လာ)ဦးလှအေးက ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်လှမြင့် နှင့် ဥက္ကဋ္ဌဒေါ်တင်နွယ်ဦး ခေါင်းဆောင်သော ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်း၍ လောကချမ်းသာ အဘယလာဘမုနိဘုရားကြီးတွင် ဧပြီ၁၈ရက်က မဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြစဉ်။ (၄၀၀)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံအောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံတတိယနေ့(နောက်ဆုံးနေ့)အစီအစဉ်ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့်သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံ အဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ နံနက် ၁၁ နာရီတွင် ညီလာခံအောင်မြင်စွာ ပြီးစီးသွားသည်။

တက်ရောက်

ညီလာခံသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာကြည်စိုးနှင့် ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဗဟိုကောင်စီဝင်များ တက်ရောက်ကြသည်။

ညီလာခံတွင် သဘာပတိအဖြစ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူးဒေါက်တာနွယ်ဦးက ဆောင်ရွက်သည်။

ဆွေးနွေးအကြံပြု

ရှေးဦးစွာပြည်နယ်နှင့်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဝင်များက မိမိတို့ပြည်နယ်၊ တိုင်းများအလိုက် တွေ့ကြုံရသည့် အတွေ့အကြုံများနှင့် စပ်လျဉ်း၍ အထွေထွေ ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ရှင်းလင်းဆွေးနွေး

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် သဘာပတိ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးတို့က လိုအပ်သည်များကို ပြန်လည်ဖြည့်စွက် ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ သဘာပတိ ဒုတိယဥက္ကဋ္ဌ ဒေါက်တာကြည်စိုးက ညီလာခံက ချမှတ်သည့် ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားရှင်းလင်းတင်ပြပြီး သဘာပတိက ညီလာခံ၏ အတည်ပြုချက်ကို ရယူသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက နိဂုံးချုပ်အမှာစကားပြောကြားပြီး နံနက် ၁၁ နာရီတွင် ညီလာခံအောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ တတိယနေ့ (နောက်ဆုံးနေ့)တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ နိဂုံးချုပ်အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ (၁၄)ကြိမ်မြောက်နှစ်ပတ်လည် ညီလာခံ တတိယနေ့(နောက်ဆုံးနေ့)တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါက်တာကြည်စိုး သဘာပတိအဖြစ် ဆောင်ရွက်စဉ်။(သတင်းစဉ်)

ဒေသအတွင်းဦးစားပေးဆောင်ရွက်ရမည့်ကျန်းမာရေးလုပ်ငန်းများ ကျန်းမာရေးဝန်ကြီးဒေါက်တာကျော်မြင့်မိန့်ခွန်းပြောကြားခဲ့

ရန်ကုန် ဧပြီ ၂၆

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် (၇)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ပထမအကြိမ်မြောက် အာဆီယံ+၃နိုင်ငံ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့တက်ရောက်ရန် မလေးရှားနိုင်ငံ ပီနန်မြို့သို့ ဧပြီ ၂၁ ရက် ညနေပိုင်းတွင် ရောက်ရှိသည်။

တွေ့ဆုံနှုတ်ဆက်

ဧပြီ ၂၂ ရက် နံနက် ၈ နာရီတွင် မလေးရှားနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် H.E. Dato Sri Mohd Najib Bin Tun Haji Abdul Razak က အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများအား တွေ့ဆုံနှုတ်ဆက်သည်။

အဖွင့်မိန့်ခွန်းပြောကြား

ဆက်လက်၍ (၇)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး H.E. Datuk Dr. Chua Soi Lek က ကြိုဆိုနှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားသည်။ ထို့နောက် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အာဆီယံ+၃ နိုင်ငံများမှ ခင်းကျင်းပြသထားသော တိုင်းရင်းဆေးပညာ ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေး ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးချုပ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဒုတိယသဘာပတိရွေးချယ်

ထို့နောက် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများအား သတင်းစာရှင်းလင်းပွဲ ကျင်းပပြီး (၇)ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို စတင်ကျင်းပသည်။ သဘာပတိအဖြစ် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးအားလည်းကောင်း၊ဒုတိယသဘာပတိအဖြစ် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အားလည်းကောင်း ရွေးချယ်ခဲ့သည်။

ဦးစားပေးရမည့်ကျန်းမာရေး

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က "နယ်ခြားမဲ့ ကျန်းမာရေး–Health without Borders" ဆောင်ပုဒ်အရ ကူးစက်ရောဂါများ စုပေါင်းကာကွယ်နှိမ်နင်းရေးကိစ္စရပ်များ၊တိုင်းရင်းဆေးပညာ အဆင့်မြှင့်တင်ရေးကိစ္စရပ်များ အပါအဝင် ဒေသအတွင်းဦးစားပေး ဆောင်ရွက်ရမည့် ကျန်းမာရေးလုပ်ငန်းများဆိုင်ရာ မိန့်ခွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် (၇)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးမှ ဆွေးနွေး ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်သည့်သဘောတူညီချက်မူကြမ်းကို အတည်ပြုကြသည်။ ထို့နောက်သဘောတူညီချက်စာတမ်းကို လက်မှတ်ရေးထိုးသည့်အခမ်းအနားကျင်းပပြီး(၇)ကြိမ်မြောက်အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ညနေ ၅ နာရီတွင် ရုပ်သိမ်းခဲ့သည်။

ပထမအကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ဧပြီ၂၃ရက် နံနက် ၈နာရီခွဲတွင်ကျင်းပရာ မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေး ဒုတိယဝန်ကြီးတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများကိုယ်စား မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးက အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးဒုတိယဝန်ကြီးက တရုတ်၊ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံများကိုယ်စား မိန့်ခွန်းပြောကြားသည်။

လုပ်ငန်းစီမံချက်ချမှတ်

အစည်းအဝေးမှ တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံ၏ ကျန်းမာရေးစနစ်တွင် ထည့်သွင်းဆောင်ရွက်သွားရန်နှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရန်၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းစီမံချက် ချမှတ်ဆောင်ရွက်သွားရန် ဆုံးဖြတ်ကြသည်။

အဆိုပါအစည်းအဝေးမှ (၈)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ+၃ နိုင်ငံကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပရန် ရွေးချယ်ဆုံးဖြတ်ကြသည်။

ထို့နောက် ပထမအကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး၏ သတင်းစာရှင်းလင်းပွဲကို ကျင်းပသည်။

ဆက်လက်၍ ပထမအကြိမ်မြောက် အာဆီယံ+၃နိုင်ငံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ကြေညာစာတမ်းကို အတည်ပြုကြပြီး အစည်းအဝေးကို ညနေပိုင်း၌ ရုပ်သိမ်းသည်။

တက်ရောက်

(၇)ကြိမ်မြောက်အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ ပထမအကြိမ်မြောက် အာဆီယံ+၃ နိုင်ငံ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် အဆင့်မြင့်အရာရှိများ အကြိုဆွေးနွေးပွဲများသို့ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူကျန်းမာရေး စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုး၊တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေနှင့်တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံဒေသစွမ်းအင်မူဝါဒနှင့်စီမံရေးကဏ္ဍခွဲကွန်ရက်အဖွဲ့စည်းဝေး

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အာဆီယံဒေသစွမ်းအင်မူဝါဒနှင့်စီမံရေးကဏ္ဍခွဲ ကွန်ရက်အဖွဲ့၏ ဒုတိယအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊သစ်တောရေးရာ ဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ၊ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြမည့်စွမ်းအင်ကဏ္ဍဆိုင်ရာ မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ဂျပန်နိုင်ငံ စွမ်းအင်နှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်း(Institute of Energy Economics, Japan-IEEJ)မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စွမ်းအင်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနမှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်မည့် စွမ်းအင်စီမံရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်တို့က အမှာစကားပြောကြားကြပြီးပထမနေ့အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

အစည်းအဝေးကို ဧပြီ၂၇ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

အဆင့်အလိုက်တည်ဆောက်

ရန်ကုန်မြို့တော်အတွင်း ယာဉ်သွားလာမှု ပိုမိုများပြားလာသည့်အပြင် မြို့ပတ်နှင့်ဆင်ခြေဖုံး လော်ကယ်ရထားများသည် ၁၅မိနစ်လျှင် တစ်ကြိမ်သွားလာနေခြင်းကြောင့် ကားလမ်းနှင့် ရထားလမ်းဆုံသည့် နေရာများတွင် ရထားဖြတ်သန်းသွားချိန်၌ ကားလမ်းကူး ဂိတ်တံခါးများ ပိတ်ထားရသည်။ ထိုအချိန်တွင် ယာဉ်များ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရပြီး ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ရထားလမ်း ခုံးကျော်တံတားများကို အဆင့်လိုက် တည်ဆောက်လျက်ရှိသည်။

ရန်ကုန်မြို့ပတ်ရထားလမ်းသည် အရှည် ၂၉ ဒသမ ၅ မိုင်ရှိပြီး မြို့ပတ်ရထားများ တစ်နေ့လျှင် ၁၄ ဆိုင်းဖြင့် ၁၅၂ခေါက်နှုန်း ပြေးဆွဲလျက်ရှိသည်။ အချို့မြို့ပတ်ရထားများက အပတ်ပြည့်ပတ်ပြီး အချို့မြို့ပတ်ရထားများက တစ်ဝက်ပတ်နေသည်။ ရုံးဆင်း၊ ရုံးတက်ချိန်များတွင် ၁၀ မိနစ်လျှင် ရထားတစ်စင်းနှုန်း လွှတ်ပေးလျက်ရှိသည်။ ရထားလမ်းကူး (Crossing) များ၌ အချို့နေရာများတွင် ၄၆ကြိမ်၊ အချို့နေရာများတွင် ၆၄ကြိမ် ပိတ်ထားရသည်။ ထိုသို့တစ်ကြိမ်ပိတ်တိုင်း ကားစီးရေ ၆၀မှ ၈၀ အထိစောင့်ဆိုင်းနေကြရသည်ဟု သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်တိုင်း လျှပ်စစ်ဌာနမှ ဝန်ထမ်းများ ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်တွင် လူအား၊ စက်ယန္တရားစွမ်းအားတို့ဖြင့် မီးတိုင်များပြောင်းရွှေ့၍ အသစ်တပ်ဆင်နေသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ခုံးကျော် ၂၂ခုတည်ဆောက်ပြီး

မြို့ပတ်ရထားလမ်း အရှည် ၂၉ဒသမ၅မိုင်ရှိသည့်အနက် ကားလမ်းကူးပေါင်း၆၃ခုရှိသည်။ အဆိုပါ ကားလမ်းကူး၆၃ခုအနက် ၂၂ခုတွင်ခုံးကျော်တံတား(Road Over Bridge) များ တည်ဆောက်ပြီးဖြစ်သည်။ အဆိုပါ ခုံးကျော်တံတားများအနက် မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ဆူးလေခုံးကျော်တံတား၊ ပြည်လမ်းခုံးကျော်တံတား၊ သမိုင်းခုံးကျော်တံတား၊ သုဝဏ္ဏခုံးကျော်တံတား၊ ကျိုက္ကလဲ့ခုံးကျော်တံတား၊ ပန်းဆိုးတန်းခုံးကျော်တံတား၊ အင်းစိန်ခုံးကျော်တံတား၊ ဗားကရာခုံးကျော်တံတား၊ ပန်းလှိုင်ခုံးကျော်တံတား၊ ဘုရားလမ်းခုံးကျော်တံတား၊ဟံသာဝတီခုံးကျော်တံတားနှင့် မင်းရဲကျော်စွာခုံးကျော်တံတားများလည်းအပါအဝင်ဖြစ်သည်။

လမ်းညွှန်မှာကြား

၂၀၀၄ခုနှစ် မတ်၃၀ရက်၌ ပြုလုပ်သည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး အစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ပါရမီခုံးကျော်တံတားကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် လမ်းညွှန် မှာကြားခဲ့သည်။ ထို့အပြင် အဆင့်မြင့် အိမ်ရာ စီမံကိန်း အစည်းအဝေး(၁/၂၀၀၄)၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပါရမီခုံးကျော်တံတား တည်ဆောက်ရန် ခွင့်ပြုပေးခဲ့သည်။

နေ့ချင်းရုပ်လုံးပေါ်လာ

ဤသို့ဖြင့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများကို ဧပြီ ၂၁ရက်မှ စတင်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ပါရမီခုံးကျော်တံတားကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှအင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး တံတားအတွက်လိုအပ်သည့် တံတားပေါင်များ၊ ကြိုတင်အားဖြည့် ရက်မများကို မလွှကုန်းရှိ တံတားပေါင်အလုပ်ရုံ၌ ပုံစံလောင်း၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တံတားလုပ်ငန်းစတင်ချိန်တွင် လုပ်ငန်း၏ ၄၀ရာခိုင်နှုန်းမှာ ပြီးစီးနေပြီဖြစ်ရာ နေ့ချင်းရက်ချင်း ဆိုသလို လုပ်ငန်းများရုပ်လုံးပေါ်လာခဲ့သည်။

အလုပဆုံးတည်ဆောက်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဧပြီ၂၄ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပါရမီခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ပါရမီခုံးကျော်တံတားကို တည်ဆောက်ပြီးစီးခဲ့သည့် ခုံးကျော်တံတားများအနက် အလုပဆုံး၊ အခိုင်ခံ့ဆုံးနှင့် အချိန်အနည်းဆုံးဖြင့် တည်ဆောက်နိုင်သည့် တံတားဖြစ်ရမည်ဟု လမ်းညွှန်မှာကြားခဲ့သည်။

ပါရမီခုံးကျော်တံတားသည် မြို့ပတ်ရထားလမ်းနှင့် ပါရမီလမ်းမကြီး ဆုံသောကားလမ်းကူးတွင် တည်ဆောက်နေခြင်းဖြစ်သည်။ တောင်ဥက္ကလာပမြို့နယ်နှင့် ရန်ကင်းမြို့နယ်နှစ်ခုကို ဖြတ်သန်းသွားလာနေရသောနေရာလည်း ဖြစ်သည်။ ကားအသွားအလာ များပြားကာ ရထားဖြတ်သည့်အကြိမ် ပိုမိုများပြားသည့်အတွက် ပါရမီခုံးကျော်တံတားကို ဦးစားပေး တည်ဆောက်ခြင်းလည်းဖြစ်သည်။ ပါရမီခုံးကျော်တံတားကို ခြောက်လနှင့် အပြီးတည်ဆောက်မည်ဖြစ်ပြီးလုပ်ငန်း အဆင်ပြေချောမွေ့သည်နှင့်အမျှ ပိုမို၍ စောစီးစွာ ပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပါရမီခုံးကျော်တံတားမှာ RC ကွန်ကရစ်ရိုက်သွင်း ပိုင်တိုင်အမျိုးအစား ဖြစ်သည်။ တံတားတိုင်များမှာ RCတိုင်နှင့် သံကူကွန်ကရစ်တိုင်များ ဖြစ်သည်။ အပေါ်တံတားသည် အခန်း ၁၁ခန်းပါဝင်ပြီး လေးခန်းမှာ ၈၅ပေကျယ်သည်။ အဆိုပါလေးခန်းကို ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများဖြင့် ပြုလုပ်မည်ဖြစ်သည်။ ခုနစ်ခန်းအနက် ခြောက်ခန်းသည် ၅၇ပေခွဲအကျယ်ရှိပြီး ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မဖြင့် တည်ဆောက်မည်ဖြစ်သည်။ ကျန်တစ်ခန်းသည် ၅၇ပေခွဲကျယ်ပြီး သံကူကွန်ကရစ် Box Girder အမျိုးအစားဖြစ်သည်။

နေ့ရောညပါတည်ဆောက်

မြန်မာ့မီးရထားက ယခင် တည်ဆောက်ခဲ့သည့် သမိုင်း ခုံးကျော်တံတား၊ ပန်းဆိုးတန်းခုံးကျော်တံတားများနှင့် ပုံစံအားဖြင့်တူညီသော်လည်း ပိုမိုလုပ ခိုင်ခံ့မှုရှိအောင် ဒီဇိုင်းပုံစံရေးဆွဲထားခြင်းဖြစ်သည်။ ပါရမီခုံးကျော်တံတား ဒီဇိုင်းပုံစံကို မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(မြို့ပြ) ဗိုလ်မှူးကြီးသီဟန်က ဦးဆောင်၍ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပါရမီခုံးကျော်တံတားကို စီမံကိန်းအင်ဂျင်နီယာ ဦးမျိုးဝင်းနှင့် လက်ထောက်စီမံကိန်း အင်ဂျင်နီယာနှစ်ဦးတို့က ဦးဆောင်၍ မြန်မာ့မီးရထားမှ ဝန်ထမ်းများဖြင့် နေ့ရောညပါ တည်ဆောက်လျက်ရှိသည်။

ရှင်းလင်းပြောကြား

ပါရမီခုံးကျော်တံတား တည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်၍ စီမံကိန်းတာဝန်ခံရုံး၌ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(မြို့ပြ)ဗိုလ်မှူးကြီးသီဟန်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ဗိုလ်မှူးကြီးသီဟန်က လုပ်ငန်းခွင် အနေအထားနှင့် ကြိုတင်ပြင်ဆင်ထားမှုများကို ပြောကြားရာတွင် "အချိန်မီပြီးစီးရေးအတွက် နေ့ရောညပါ ဆောင်ရွက်လျက်ရှိကြောင်း၊ ကွန်ကရစ်ပိုင်တိုင် ရိုက်သွင်းခြင်းလုပ်ငန်းကို တစ်လအတွင်း အပြီးဆောင်ရွက်နိုင်ရန် ခန့်မှန်းထားကြောင်း၊ တံတားအတွက် လိုအပ်သည့် ကြိုတင်အားဖြည့် ရက်မများနှင့် တံတားပေါင်များကို မလွှကုန်းရှိ တံတားပေါင်စက်ရုံ၌ ပုံစံလောင်း ပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းစတင်ခါစဖြစ်၍ အခက်အခဲ မရှိသေးကြောင်း၊ နောက်ပိုင်းတွင် အခက်အခဲများ ကြုံတွေ့လာနိုင်ကြောင်း၊ သို့သော် ကြိုတင်ပြင်ဆင်ထားမှုကြောင့် အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း၊ ပါရမီကားလမ်းကူးသည် ရထားဖြတ်သည့် အကြိမ်များပြီး ကားစီးရေလည်း များကြောင်း၊ ပါရမီခုံးကျော်တံတား တည်ဆောက်ရန် ၂၀၀၄ ခုနှစ် မတ်လအတွင်း၌ ပုံစံရေးဆွဲခြင်း၊ မြေအနေအထား ကြည့်ခြင်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းခွင်အနေအထားနှင့် အတွေ့အကြုံအရ ခြောက်လနှင့် အပြီးဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းစတင်ချိန်သည် ရာသီဥတု ပူပြင်းသည့် အချိန်ဖြစ်ကြောင်း၊ တံတားတည်ဆောက်ရသည့် လုပ်ငန်းခွင်မှာ လူနေရပ်ကွက်များအနီး ဆောင်ရွက်ရခြင်းဖြစ်၍ နေရာကျပ်တည်းမှုရှိကြောင်း၊ နောက်ပိုင်းတွင် မိုးတွင်းကာလဖြစ်၍ အခက်အခဲအချို့ရှိလာနိုင်ကြောင်း" မြန်မာ့အလင်းသို့ ပြောကြားသည်။

ပါရမီခုံးကျော်တံတားသည် တံတားအရှည် ၁၁၇၅ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လေးလမ်းသွားတံတားဖြစ်သည်။ တံတား၏ တစ်ဖက်တစ်ချက်တွင် လေးပေအကျယ် လူသွားလမ်းများ ပါရှိမည်ဖြစ်ပြီး ရထားလမ်းကင်းလွတ်အမြင့်မှာ ၁၄ပေဖြစ်သည်။ ချဉ်းကပ်လမ်းအရှည်မှာ ကမ္ဘာအေးဘုရားလမ်းသို့ ပေ၂၀၀၊ ဝေဇယန္တာလမ်းသို့ ၂၃၃ပေဖြစ်သည်။ တံတားအလျားမှာ ၇၄၆ ပေ ၆လက်မ ဖြစ်သည်။ တံတားအကျယ် ၅၆ပေဖြစ်ပြီး ဆင်ခြေလျှော(အတက်/အဆင်း)မှာ ၃ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်သည်။ တံတားအောက်၌ ရပ်ကွက်အတွင်းမှ ကားများ ဝင်ထွက်နိုင်ရန်အတွက် တံတားဘေး လမ်းနှစ်လမ်းပါရှိမည်ဖြစ်သည်။

မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းကလည်း ယခင်က ပေ၃၀မြင့်သော ဓာတ်တိုင်များနေရာတွင် ပေ ၄၀မြင့်သော ဓာတ်တိုင်များကို အစားထိုး လဲလှယ်စိုက်ထူပေးထားပြီးဖြစ်သည်။

မြို့တော်အင်္ဂါရပ်နှင့်အညီ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ပြည်သူလူထုများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး အတွက် စရိတ်စကအနည်းဆုံးနှင့် သယ်ယူပို့ဆောင်ပေးနေသလို အမြတ်အစွန်းကိုအဓိကမထားဘဲ ဆောင်ရွက်နေခြင်းဖြစ်သည်။ တစ်ဖက်မှလည်း မြို့တော်အင်္ဂါရပ်နှင့်အညီ ယာဉ်သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် ကားလမ်းကူးနေရာများတွင် ခုံးကျော်တံတားများကို တည်ဆောက်ပေးနေခြင်း ဖြစ်သည်။

ယာဉ်စောင့်ဆိုင်းရမှုကင်းဝေးမည်

မြို့ပတ်ရထားနှင့်ကားလမ်းဆုံမည့်နေရာ ၄၁ခု ရှိသည့်အနက် မဖြစ်မနေ ခုံးကျော်တံတား ဆောက်ရမည့် ကားလမ်းကူးနေရာမှာ ကိုးခုကျန်ရှိနေသေးသည်။ အဆိုပါ ကားလမ်းကူးနေရာများမှာ ပါရမီလမ်းဆုံ(တည်ဆောက်ဆဲ)၊ ကျောက်ရေတွင်းလမ်းဆုံ၊ နာနတ်တော လမ်းဆုံ၊ ဒညင်းကုန်းလမ်းဆုံ၊ ပါရမီ(၂) လမ်းဆုံ၊ ကံဘဲ့လမ်းဆုံ၊ ဘုရင့်နောင်လမ်းဆုံ၊ ဘောက်ထော်လမ်းဆုံနှင့် အမှတ်(၄)လမ်းမ လမ်းဆုံတို့ဖြစ်ကြသည်။

အဆိုပါ ကားလမ်းကူးနေရာများ၌လည်း ခုံးကျော်တံတားများ မဖြစ်မနေ တည်ဆောက်သွားရန် အစီအစဉ်များ ရေးဆွဲလျက်ရှိရာ ရန်ကုန်မြို့တော်၌ မကြာမြင့်သောကာလတွင် ကားလမ်းကူးများ၌ ယာဉ်များစောင့်ဆိုင်းရမှု ကင်းဝေးသွားတော့မည်ဖြစ်ပါကြောင်း သတင်းဆောင်းပါးအဖြစ် တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ပါရမီခုံးကျော်တံတားတည်ဆောက်ရာတွင် ချဉ်းကပ်လမ်းနှင့် မလွတ်ကင်းသော 6.6 KV ဓာတ်အားလိုင်းများအစား ပေ၄၀ ကွန်ကရစ်တိုင်သစ်များဖြင့် အစားထိုးပြီး လွတ်ကင်းသောနေရာတွင် ဓာတ်အားလိုင်းသစ်များ တည်ဆောက်ခြင်းကို မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ရန်ကုန်တိုင်း တည်ဆောက်ရေးဌာန တောင်ဥက္ကလာပနှင့် ရန်ကင်းမြို့နယ် လျှပ်စစ်ရုံးမှ ဝန်ထမ်းများ စက်ယန္တရားများဖြင့် ဤသို့ဆောင်ရွက်နေကြသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ်(၆၂)နေ ဦးထွန်းမြင့်-ဒေါ်ခင်သန်းတို့၏မြေး၊ ဦးဝင်းနိုင်-ဒေါ်ခင်ပြုံးပြုံးမြင့်တို့၏သား မောင်ဆွေဆက်နိုင်က ဧပြီ ၂၇ ရက်တွင် ကျရောက်သော ၎င်း၏ (၁၁)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့အလင်းသတင်းစာတိုက် သာသနဝိပ္ပာရီ ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပမည့် (၂၆)ကြိမ်မြောက် ဒုလ္လဘ ရဟန်းခံ အလှူတော်မင်္ဂလာအတွက် ဘုရင့်နောင်သင်္ကန်း ၁၁ စုံနှင့် ငွေကျပ် ၁၁၀၀၀၀ကို ပေးအပ်လှူဒါန်းရာ စာတည်းမှူးချုပ်ကိုယ်စား အတွင်းရေးမှူး စာတည်းဦးညွန့်အောင်က လက်ခံရယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၇-၄-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Measures of Location (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅း၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ မြန်မာ့ရှုခင်း
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘဏ်ကျယ်လေး"** (အပိုင်း-၁၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် မိခင်သစ္စာ"(အပိုင်း-၁)**

သက်ကြီးပူဇော်ကန်တော့

ဗိုလ်တထောင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ် သက်ကြီးပူဇော်ပွဲနှင့် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၂၅ ရက်က သိမ်ဖြူလမ်း ဝိုင်အမ်စီအေခန်းမ၌ ကျင်းပရာ သက်ကြီး စာပေ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ကြစဉ်။ (က-ပ)



အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်အသင်း ဗိုလ်စွဲရန်သေချာပြီ

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ပြန်လည်ကျင်းပရာ ဘဏ္ဍာ/အခွန်အသင်းက ပို့ဆောင်ရေးအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်းအတွက် အနိုင်ဂိုးများကို စိုးမြတ်မင်းနှင့် ရန်ပိုင်တို့က နှစ်ဂိုးစီနှင့် အောင်ကျော်မိုးက တစ်ဂိုးသွင်းယူပေးသည်။ပို့ဆောင်ရေးအသင်းအတွက် ချေပဂိုးများကို ဝင်းမင်းထွဋ်၊ ထက်အောင်နှင့်မောင်ယော့စ်တို့က တစ်ဂိုးစီ သွင်းယူပေးသည်။

ဘဏ္ဍာ/အခွန်အသင်းခေါင်းဆောင်အဖြစ် လက်ရွေးစင်ဟောင်းမျိုးလှိုင်ဝင်းက ဦးဆောင်ကစားပြီး ဒုတိယပိုင်းပွဲပြီးရန် ၁၀မိနစ်အလိုတွင် လက်ရွေးစင်ဟောင်း ဝင်းအောင်နှင့် လူစားလဲကစားသည်။

ပို့ဆောင်ရေးအသင်းသည် ယနေ့ပွဲတွင် ယခင်ပွဲများထက် ခြေစွမ်းပြကစားပြီး ချေပဂိုးများသွင်းနိုင်သော်လည်း နောက်တန်းနှင့် ဂိုးသမားတို့၏ အားနည်းချက်ကြောင့် ဂိုးများဆက်တိုက်ပေးရပြီး ရှုံးနိမ့်သွားခြင်းဖြစ်သည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုကို ပို့ဆောင်ရေးအသင်းမှ မောင်မောင်မြင့်က ရရှိသည်။

ဘဏ္ဍာ/အခွန်အသင်းသည် ယနေ့ပွဲ အနိုင်ရရှိသဖြင့် ၁၃ပွဲကစား (၃၆) မှတ်ရရှိပြီး အမှတ်ပေးချန်ပီယံဖြစ်ရန် သေချာသလောက်ရှိသွားပြီဖြစ်သည်။ လက်ကျန်ပွဲစဉ်များအဖြစ် မြို့တော်စည်ပင်၊ စီးပွား/ကူးသန်းတို့နှင့် ကစားရမည်ဖြစ်ရာ နှစ်ပွဲဆက်တိုက်ရှုံးခဲ့သည့်တိုင် အသားတင် ၄၇ဂိုးရရှိထား၍ ဂိုးအရေအတွက်သာလွန်မှုဖြင့် ဗိုလ်စွဲမည်ဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းက လက်ကျန်နှစ်ပွဲတွင် ဂိုးပေါင်း ၃၀ အသွင်းခံရပြီး စွမ်းအင်နှင့် စီးပွား/ကူးသန်းတို့ကလည်း လက်ကျန်သုံးပွဲစလုံးအနိုင်ရရှိမှသာလျှင် အပြောင်းအလဲ ရှိနိုင်ပေသည်။

(မြန်မာ့အလင်း)

VACANCY

A Well established freight forwarding company required for highly motivated, aggressive and dynamic individuals to fill up following positions-

(1) SALES MANAGER (1) post
(2) SALES EXECUTIVE (1) post
- Male or female under age of 35 with pleasant personality and good interpersonal skills.
- Able to speak, read and write English fluently.
- Able to speak a second foreign language is an advantage.
Computer Knowledge is a must with (Microsoft Word & Excel) and good typing skills, With working experience in Freight Forwarding lndustry is preferable.

(3) ACCOUNTS EXECUTIVE (1) post
- Male or female under age of 35 with interpersonal skills, able to speak, read and write English fluently, B.Com at least five years experience in concerned field, freight forwarding field is preferable. Computerized accounting knowledge is necessary.
- Interested applicants are invited to submit a written application stating their particulars including full address and contact telephone number, copy of certificates, recent photo, labour registration card and expected salary to:
No.6(B-1), Thukha Waddi Road, Yankin Township, Yangon within 7 days from the date of this advertisement. (Only short listed candidates will be notify) Tel No:542896, 546733, Fax:570924 (For Attractive Salary & Local Services Only)

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးတင်တိုး-ဒေါ်ခင်လေးတို့၏သားငယ်
မောင်အောင်စိုးလင်း B.Sc(Phys)
နှင့်
ရန်ကုန်မြို့နေ ဦးတင်လှိုင်-ဒေါ်ခင်ကြည်သိန်းတို့၏သမီးငယ်
မစုသဲလှိုင် B.Sc(Hon), M.Sc(Engg:Phys)

တို့၏ ၂၅-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် M.3 Food Centre ၌ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ မေတ္တာဖြင့် မင်္ဂလာလက်ဆောင် ပေးပို့ချီးမြှင့်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီးဒေါ်မြမြစန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့်ဇနီး ဒေါ်ခင်ခင်လေးတို့အားလည်းကောင်း၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကုံးဆင်မြန်းချီးမြှင့်ပေးသော ဦးစိုးညွန့်(ထီလာစစ်သူ)နှင့်ဇနီး ဒေါ်လှယဉ်ယဉ်စိုး၊ မင်္ဂလာလက်စွပ် ဝတ်ဆင်ချီးမြှင့်ပေးသော ဦးတင်ခ(တက္ကသိုလ်တင်ခ)နှင့်ဇနီး ဒေါ်မြင့်မြင့်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ စည်သူ(၃၈)ကျောင်းဆင်းဘက်များနှင့်ဇနီးများ၊ စာတည်းမှူးချုပ်များ၊ စာတည်းအဖွဲ့ဝင်များ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ခဲ့သော ရဲမှူးကြီးမြင့်သိန်း(ရထားရဲတပ်ဖွဲ့)၊ ရပ်ဝေး ရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော ဒေါ်အိအိကျော်ဝင်း(မြန်မာ့/ရုပ်မြင်)၊ မင်္ဂလာပန်းကုံးကို ကိုင်ဆောင်ပေးသော ဒေါ်သီတာဝင်းကြည်(မြန်မာ့/ရုပ်မြင်)၊ မိတ်ကပ်နှင့်ဆံပင်အလှဖန်တီးသူ အောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော အေးဇော်မိုး(စက်မှု)နှင့်အဖွဲ့၊ ပြန်/ဆက်ဗီဒီယိုအဖွဲ့၊ မင်္ဂလာတေးသံသာဖြင့် ဖျော်ဖြေသီဆိုပေးသူ စိမ်းမို့မို့၊ မေခလာ အပါအဝင် ACES တေးဂီတအဖွဲ့၊ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်အားပေးချီးမြှင့်ကြသော မိတ်ဆွေများ၊ သိုက်သိုက်ဝန်းဝန်းအားပေးရန် လာရောက်ကြသောသူငယ်ချင်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ M.3 Food Centre မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်စိုးလင်း-မစုသဲလှိုင်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ သန်လျင်မြို့နေ
ဦးမြင့်ဦး-ဒေါ်မြင့်မြင့်သန်းတို့၏သားကြီး
မောင်သော်ထင်ဦး
B.E (Hons) (Electrical & Electronic Engineering)
University of Northumbria at Newcastle(UK)
နှင့်
ရန်ကုန်တိုင်း၊ သန်လျင်မြို့နေ
ဒုတိယဗိုလ်မှူးကြီးတင်ရွှေ(ငြိမ်း)-ဒေါ်အေးကြူတို့၏သမီး
ဒေါက်တာစောဟေမာ
M.B,B.S(Ygn)

တို့အား ၂၀-၄-၂၀၀၄ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးအားလည်းကောင်း၊ ဓမ္မစေတီရွှေကျင်ကျောင်းတိုက်၌ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၅-၄-၂၀၀၄ရက်တွင် Summit Parkview Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းအားလည်းကောင်း၊ မင်္ဂလာရွှေဆွဲကြိုးချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန သံချပ်ကာယန္တရားတပ် ညွှန်ကြားရေးမှူးဗိုလ်ချုပ်တင်စိုးနှင့် ဇနီးဒေါ်ခင်မိမိလေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ပါမောက္ခဒေါက်တာဦးသန်းအေး(ပါမောက္ခ/ဌာနမှူး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန)နှင့်ဇနီး ပါမောက္ခဒေါက်တာဒေါ်ခင်အုန်းချစ်(သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား လည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မယဉ်မြတ်သူ၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မစောမြတ်ဆု၊ မင်္ဂလာဆွဲကြိုးနှင့် လက်စွပ် ကိုင်ဆောင်ပေးသော Dr.စန္ဒာဝင့်၊ သတို့သားအရန် မောင်မိုးမြင့်၊ သတို့သမီးအရန် Dr.ဇင်ဇင်ကျော်တို့အားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်း ကူညီပေးကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သော်ထင်ဦး-ဒေါက်တာစောဟေမာ။

ဦးမောင်မောင်အောင်(ကေအမ်ဒီအီး-၀၁၂၆၂၈)နှင့်ဇနီး ဒေါ်ခင်မျိုးသာတို့နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည် ဦးအောင်မိုး(အိပ်ချ်ဂျီယူ-၁၀၄၅၃၆)၊ ၁၀/၁၂၊ ဘိုကလေးဈေးလမ်း၊ (၆)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ မိုး သယ်ယူပို့ဆောင်ရေးလုပ်ငန်းပိုင်ရှင်ဖြစ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

၁။ ဦးမောင်မောင်အောင်နှင့်ဇနီးဒေါ်ခင်မျိုးသာတို့သည် ကျွန်ုပ်တို့၏အမှုသည် ဦးအောင်မိုးပိုင် မိုးသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှယာဉ်များကို ငှားရမ်းသုံးစွဲခပေးပါမည်ဟု သဘောတူယုံကြည်မှုဖြစ်အောင်ပြုလုပ်၍ မော်တော်ယာဉ်သုံးစွဲ ငှားရမ်းခ ၉၁၅၇၅၀၀ (ကျပ်ကိုးဆယ့်တစ်သိန်း ငါးသောင်းခုနစ်ထောင့်ငါးရာတိတိ)နှင့် ဆက်လက်သုံးစွဲခ (၂၁-၂- ၂၀၀၃)ရက်နေ့အထိ စုစုပေါင်း ၁၁၂၀၇၂၀၀ (ကျပ်တစ်ရာတစ်ဆယ့် နှစ်သိန်းခုနစ်ထောင့်နှစ်ရာတိတိ)ကို ငှားရမ်းသုံးစွဲခအဖြစ်ပေးရန် တာဝန်ရှိသူများဖြစ်ကြပါသည်။

၂။ ဦးအောင်မိုးက အကြိမ်ကြိမ် ဆက်သွယ်သော်လည်း အတွေ့မခံရှောင်လွဲနေကြသဖြင့် ရှေ့နေမှတစ်ဆင့်အကြောင်းကြားစာပေးပို့ခဲ့သည့်တိုင်အောင် တစ်စုံတစ်ရာလာရောက်ရှင်းလင်းခြင်းမရှိသဖြင့် ဤကြော်ငြာစာပါရှိသည့်နေ့မှ ခုနစ်ရက်အတွင်း အကြေအလည်ရှင်းလင်းပေးပါရန် နှင့် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းသက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်ထွေး ဦးစိန်မြင့်
တရားရုံးချုပ်ရှေ့နေ
အထက်တန်းရှေ့နေ
အခန်းအမှတ်(၄၁)၊ အမှတ် ၆၃(မြေညီထပ်)၊
စုပေါင်းအဆောက်အအုံ
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊

ပိုး
သတိပြု

ကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းဖျက်သိမ်းခြင်း

ကရင်ပြည်နယ် ဘားအံမြို့ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပရဟိတဂေဟာ (ပြည်နယ်ခေါင်းဆောင် ဆရာတော်) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနရိန္ဒ ထုတ်လုပ်ခွင့်ရရှိထားသည့် ကရင်ပြည်နယ် ဖာပွန်အရှေ့-အနောက်ဒေသပတ်ဝန်းကျင်ရှိ ကျွန်းသစ်လုံးများ ထုတ်လုပ်ခွင့်ကို အဘဦးသာဌေး၏သား ဦးမြင့်ဌေးနှင့် အဘဦးစံတိုး၏သား ဦးအောင်မင်းကျော်သူ မှတ်ပုံတင်အမှတ် ၅/ဘတလ(နိုင်)၀၅၄၈၁၆ တို့အား ၂၀၀၃ခုနှစ် အောက်တိုဘာ ၂၂ ရက်တွင် ကိုယ်စားလှယ်လွှဲအပ်ခဲ့ပါသည်။ ယခုအခါ ဦးမြင့်ဌေးမှာ ကွယ်လွန်သွားပြီး ဆရာတော်အနေနှင့်လည်း ဦးအောင်မင်းကျော်သူနှင့် ဆက်လက်ဆောင်ရွက်ရန် ဆန္ဒမရှိတော့ပါ၍ ၎င်းတို့အား လွှဲအပ်ထားသည့် ကိုယ်စားလှယ်လွှဲစာကို ၂၀၀၄ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ လုံးဝ(လုံးဝ) ရုပ်သိမ်းဖျက်သိမ်းလိုက်ပါသည်။

ဘဒ္ဒန္တနရိန္ဒ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
(ပြည်နယ်ခေါင်းဆောင် ဆရာတော်)
လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ ဖုန်း-၀၅၈-၂၁၂၄၆။

(၇၇)ကြိမ်မြောက်သွေးလှူ



ရန်ကုန် ဧပြီ ၂၆

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့် ၁၁၀ လမ်း၊ ပဲခူးကျောင်းတိုက်မှ ရပ်ကွက် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အရှင်တေဇ (လူမှုထူးချွန် ပထမဆင့်) **(အပေါ်ပုံ)**သည် ဧပြီ ၂၂ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်၌ (၇၇)ကြိမ်မြောက်သွေးလှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ နှစ်(၅၀)ပြည့်ရွှေရတုကျင်းပ ဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး တက်ရောက် အားပေးချီးမြှင့်

ရန်ကုန် ဧပြီ ၂၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၏ နှစ်(၅၀)ပြည့်ရွှေရတုအခမ်းအနားကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ အဆိုပါစက်ရုံခန်းမဆောင်၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့်ဇနီး ဒေါ်ခင်ခင်ရီတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရွှေရတုအခမ်းအနားသို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် ဗိုလ်မှူးချုပ်ကျော်ဝင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများ၊ အထွေထွေမန်နေဂျာများ၊ ဒုတိယစက်ရုံမှူးများ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံမှ သက်ပြည့်အငြိမ်းစားယူသွားကြသော စက်ရုံမှူးများနှင့် ဒုတိယစက်ရုံမှူးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်း စက်ရုံနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် စက်ရုံဝန်ထမ်းများ စုံညီစွာ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ စက်ရုံမှူး ကိုယ်စား ဒုတိယစက်ရုံမှူး ဦးဝင်းအောင်က ရွှေရတုအထိမ်းအမှတ် အဖွင့် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက လုပ်သက်ရင့် ဝန်ထမ်းကောင်းများအား ဂုဏ်ပြုဆုများကို တစ်ဦးချင်း ပေးအပ်ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ကျင်းပရာ စက်ရုံဝန်ထမ်းများက ပါဝင် ယှဉ်ပြိုင်ဖြေဆိုကြပြီး ဆုရရှိကြသူများအား ဒုတိယစက်ရုံမှူး ဦးဝင်းအောင်က ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များနှင့် ဝန်ထမ်းများအား စက်ရုံမှ ဝန်ထမ်း သမီးပျိုများက “ပြည်သူ့အတွက် အမ်ပီအက်ဖ်” ရွှေရတုဂုဏ်ပြုတေးသီချင်း အပါအဝင် တေးသံသာများဖြင့်လည်းကောင်း၊ တေးသံရှင်များက ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် ဝန်ထမ်းမိသားစုများအား ယိမ်းအကပဒေသာများဖြင့် ဖျော်ဖြေကြသည်။

(သတင်းစဉ်)



ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်း ဓမ္မသဘာကျောင်းဆောင်အတွက် ဟိန်းဆောက်လုပ်ရေးမှ ဦးစိန်ထွန်း-ဒေါ်သန်းသန်းအေးနှင့် လုပ်သားများက အလှူတော်ငွေကျပ်တစ်သိန်းကို ဧပြီ ၂၀ ရက်က ဆက်ကပ်လှူဒါန်းရာ ပဓာနနာယကဆရာတော် ပိဋကတစ်ပုံခွဲဆောင် အရှင်ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၁၁၅)

ရန်ကင်းမြို့နယ်(၉)ရပ်ကွက်ရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဧပြီ ၂၀ ရက်က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးကိုကိုမောင်က နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားကတ်ပြား ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်ကလေးဆေးရုံကြီးတွင်အသုံးပြုရန် Oxygen Concentrator ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်ကလေးဆေးရုံကြီး ခွဲစိတ်ခန်းမကြီး၌ အသုံးပြုရန်အတွက် The Rotary Club of Essendon (Austealia) and Europ Continents Myanmar က ဒေါ်လာ ၁၅၂၈၆ တန်ဖိုးရှိ Airsep-centrox Oxygen Concentrator ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲက ကလေးဆေးရုံကြီး ဧည့်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ရန်ကုန်ကလေးဆေးရုံကြီး ခေတ္တဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာထူးဟန်နှင့် ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)ဒေါက်တာမြင့်သောင်း၊ ပါမောက္ခ၊ ကထိက ဆရာဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ အလှူရှင် Dr. Peter Baber က Oxygen Concentrator များ ပေးအပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက Oxygen Concentrator များပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာထူးဟန်က လက်ခံသည်။

ထို့နောက် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ခေတ္တ ဆေးရုံအုပ်ကြီးက အလှူရှင်အား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လှူဒါန်းခဲ့

The Rotary Club (Australia) သည် ရန်ကုန်ကလေးဆေးရုံကြီးသို့ ၂၀၀၀ ပြည့်နှစ်တွင် နှလုံးနှိုးဆွစက်၊ ၂၀၀၂ ခုနှစ်တွင် Bio - Chemistry Analyzer၊ ၂၀၀၃ ခုနှစ်တွင် Oxygen Concentrator ငါးလုံးတို့ကို လည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဓမ္မစေတီယျတုသာသနာ့ဝိပုလကာရီသိမ်တော်ကြီး ရေစက်ချအလှူမင်္ဂလာ

ရန်ကုန် ဧပြီ ၂၆

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ပေါက်ကုန်းကျောင်းဝင်းတွင် ဆောက်လုပ် လှူဒါန်းထားသော ဗုဒ္ဓ ကြေးဆင်းတုတော်မြတ် သာသနာ့ဝိပုလကာရီ သိမ်တော်ကြီး လှူဒါန်းမှုအစုစုတို့ကို ကျေးဇူးရှင် သာသနာ့မိခင်ကြီး ဒေါ်ဖွားရှင်၏ အသက်(၉၈)နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာတွင် ဘုရားအမှူးပြုသော သံဃာတော် ၁၀၂ ပါးတို့အား သိမ်ဆင်းလောင်းလှူပြီး ဓမ္မကထိက ဗဟုဇနဟိတရေ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိထံမှ ဧပြီ ၃၀ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ရေစက်ချတရားပွဲကို လည်းကောင်း၊ ည ၇ နာရီတွင် ညတရားပွဲကိုလည်းကောင်း ပြုလုပ်မည်ဖြစ်ရာ အလှူရှင် ဦးချန်ဟုတ်မိသားစု (ရွှေအိမ်ဖြူစတိုး) တို့နှင့်အတူ ရေစက်ချတရားတော်နာကြွရောက်ရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

အမှတ် ၆၈၆ ဖြဟ္မစိုရ်လမ်း (၄)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးဝင်းမြင့်သမီး မမြင့်မြင့်ခိုင်မိသားစုက အလှူငွေကျပ်သုံးသိန်းကို ဖြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ “နာရေးကူညီမှုအသင်း”ရန်ကုန်သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)နှင့် ဇနီး ဒေါ်မြင့်မြင့်ခင်ဖေ(ဒေါ်ရွှေဇီးကွက်) တို့က လက်ခံရယူစဉ်။ (က-ပ)

ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နှစ်စဉ်ကျင်းပလျက်ရှိသည့် “ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၄” အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေးကို ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ယခုနှစ် ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ-၂၀၀၄ အခမ်းအနားကို ၂၀၀၄ ခုနှစ် မေ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မင်္ဂလာတောင်ညွန့်မြို့နယ် အမက(၂၁) မူလတန်းဆင့်သင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို ဧပြီ ၄ ရက်က ပြုလုပ်ရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်ယဉ်ရှိန်က မောင်ဟိန်းအာကာအား သင်ယူပြီး မြောက် ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

စီမံ/စီးပွား ဆင့်ပွားသင်တန်းဖွင့်

တောင်တွင်းကြီး ဧပြီ ၁၃

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တောင်တွင်းကြီးမြို့နယ်တွင် ကျင်းပသည့် မြို့နယ်အနောက်ခြမ်းအသင်းအမှုဆောင်များ (စီမံ/စီးပွား) ဆင့်ပွားသင်တန်းအမှတ်စဉ် (၈/၂၀၀၄)သင်တန်းဖွင့်ပွဲကို မတ် ၂၂ ရက်က ဟင်ယော်အုပ်စု မထီစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း ခန်းမ၌ကျင်းပရာ အသင်းနာယက မြို့နယ် ဥက္ကဋ္ဌ ဦးလှကြိုင်နှင့် မြို့နယ်အတွင်းရေးမှူး ဦးသန်းဝင်းတို့က သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။

(၁၈၉)

မှုခင်းကျူးဆင်းရေးနှင့်ပညာပေးသတင်းထုတ်ပြန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မကွေး ဧပြီ ၁၂

မကွေးတိုင်း မှုခင်းကျူးဆင်းရေး နှင့် ပညာပေးသတင်းထုတ်ပြန်ရေး ကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၂၅ရက်က မကွေးတိုင်း ရဲတပ်ဖွဲ့မှုခင်း ကျူးဆင်းရေးခန်းမ၌ ကျင်းပရာ ကော်မတီ အတွင်းရေးမှူး မကွေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး လှမင်းက အဖွင့်အမှာစကား ပြောကြားသည်။

တင်ပြ

ထို့နောက်ပညာပေးရေး၊သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်သန်းက ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးသည်။

ဆွေးနွေး

ဆက်လက်၍ ထိုက်သင့်သော ပြစ်ဒဏ်ရရှိရေး၊ ပြစ်မှုနှင့် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ချက်များကို တိုင်းတရားသူကြီးကိုယ်စား ခရိုင် တရားသူကြီး ဒေါ်မြင့်မြင့်ဌေးက လည်းကောင်း၊ တရားသေ၊ တရားရှင်လွတ်သည့် ပြစ်မှုများ၊ ပြင်ဆင်မှု၊ အယူခံမှုများနှင့် ပတ်သက်၍ တိုင်းဥပဒေအရာရှိ ဦးဇေယျာကလည်းကောင်း တင်ပြဆွေးနွေးကြပြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက တင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြု ဆွေးနွေးကြကြောင်း သိရသည်။ **(၃၈၃)**

သက်ကြီးပူဇော်ပွဲအခမ်းအနား သနပ်ပင်မြို့နယ်တွင်ကျင်းပ

သနပ်ပင် ဧပြီ ၂၀

သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် စတုတ္ထအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် (၁၃၆၆ခုနှစ်နှစ်ဆန်းတစ်ရက်)နံနက်က ဆုတောင်းပြည့်အောင်ချမ်းသာဘုရားကြီး တန်ဆောင်းတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် မြို့ပေါ် (၆)ရပ်ကွက် ရေကျော်ကျေးရွာတို့မှ အသက်(၈၀)ပြည့်နှစ်အထက် အဘိုးအဘွားများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင်အဘိုးအဘွားများအား မြို့နယ်ဥက္ကဋ္ဌဦးစိုးမြင့်ဝင်းနှင့်ဇနီး ဒေါ်မိမိခင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက လှူဖွယ် ပစ္စည်းများပေးအပ်လှူဒါန်းကြသည်။**(ဝဲပုံ)**

ထို့နောက်အဘိုးဦးကျော်ဇောက ဩဝါဒစကား ပြန်လည်ပြောကြားကြောင်းသိရသည်။**(မြို့နယ်ပြန်/ဆက်)**

မြင်းခြံမြို့နယ်ဘုံရွာကျေးရွာ၌ စက်ရေတွင်းများဖွင့်

မြင်းခြံ ဧပြီ ၁၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့သည့် မြင်းခြံမြို့နယ် ဘုံရွာကျေးရွာ စက်ရေတွင်းနှင့် ရဲမှူးချုပ်တင်ဝင်း၊ ဇနီး ဒေါ်နီနီမိသားစု လှူဒါန်းသည့် စက်ရေတွင်းများဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ရဲမှူးချုပ်တင်ဝင်း၊ ဇနီး ဒေါ်နီနီမိသားစုလှူဒါန်းသည့် စက်ရေတွင်းအား ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်းနှင့် အလှူရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏လှူဒါန်းငွေဖြင့်ဆောင်ရွက်သော ဘုံရွာကျေးရွာစက်ရေတွင်းအား ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမြင့်စိုးနှင့် စက်ရေတွင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်စန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူက စက်ရေတွင်းအား ဘုံရွာကျေးရွာသို့ လွှဲပြောင်းပေးအပ်လိုက်သည်။

(၄၀၂)

အာစရိယပူဇော်

အင်းစိန်မြို့နယ် အထက(၄)ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၂၈ရက်က ကျင်းပစဉ်။

(က-ပ)

အီလက်ထရွန်နစ် နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက် ထုတ်လွှင့်မည့်အစီအစဉ်

၂၉-၄-၂၀၀၄ (ကြာသပတေးနေ့) Day-4

စဉ်	အချိန်	ပို့ချမည့်အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	နံနက် ၉း၀၀ မှ ၉း၁၀	သင်တန်းစတုတ္ထနေ့ နံနက်ပိုင်းလွှင့်ထုတ်မည့်အစီအစဉ်နှင့် ဖျော်ဖြေရေးအစီအစဉ်	၁၀ မိနစ်	
၂။	၉း၁၀ မှ ၉း၄၈	ကုလသမဂ္ဂအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းများ အပိုင်း(၂)	၃၈ မိနစ်	ဦးထွန်းလှ DEPT
၃။	၉း၄၈ မှ ၉း၅၃	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၄။	၉း၅၃ မှ ၁၀း၃၆	သင်ရိုးညွှန်းတမ်း၏ သဘောသဘာဝ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့်သင်ချိန် သတ်မှတ်ချက်	၄၃ မိနစ်	ဒေါ်ကြည်ကြည်လှ DEPT
၅။	၁၀း၃၆ မှ ၁၀း၄၁	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၆။	၁၀း၄၁ မှ ၁၁း၀၀	ဆရာအတတ်ပညာဖွံ့ဖြိုးရေး	၁၉ မိနစ်	ဒေါ်စုစုလှိုင်
၇။	၁၁း၀၀ မှ ၁၁း၀၅	ဖျော်ဖြေရေးအစီအစဉ် ညနေပိုင်းထုတ်လွှင့်မည့်အစီအစဉ်	၅ မိနစ်	DEPT
၈။	**၁၁း၀၅ မှ ၁၃း၀၀**	**နေ့လယ်စာစားချိန်**		
၉။	၁၃း၀၀ မှ ၁၃း၂၄း၃၀	ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းနှင့် ပညာရေးပြက္ခဒိန် ကျောင်းစာကြည့်တိုက်ဖွဲ့စည်းရေးနှင့် စီမံခန့်ခွဲရေး၊	၂၄း၃၀မိနစ်	ဦးထွန်းကြည် DBE (1)
၁၀။	၁၃း၂၄း၃၀မှ ၁၃း၂၇း၃၀	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၁။	၁၃း၂၇း၃၀မှ ၁၃း၅၃း၂၀	အားကစား၊ ကာယပညာနှင့်ကျောင်းကျန်းမာရေး	၂၅း၄၅မိနစ်	ဦးလှထွန်း DBE(1)
၁၂။	၁၃း၅၃း၁၅မှ ၁၃း၅၃း၂၀	ဖျော်ဖြေရေးအစီအစဉ်	၅ မိနစ်	
၁၃။	၁၃း၅၃း၂၀မှ ၁၄း၁၁း၀၈	မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်များ	၂၀း၄၈မိနစ်	ဦးကျော်ဝင်း DBE(3)
၁၄။	၁၄း၁၁း၀၈မှ ၁၄း၁၄း၀၈	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၅။	၁၄း၁၄း၀၈မှ ၁၄း၃၇း၁၈	အခြေခံပညာကျောင်း၊ရုံးများစစ်ဆေးခြင်း	၂၃း၁၀မိနစ်	ဦးဘာဘာ DBE (1)
၁၆။	၁၄း၃၇း၁၈မှ ၁၄း၄၀း၁၈	ဖျော်ဖြေရေးအစီအစဉ်	၃ မိနစ်	
၁၇။	၁၄း၄၀း၁၈မှ ၁၅း၀၆း၀၀	ဘက်စုံပညာအရည်အချင်းမှတ်တမ်းချုပ်	၂၅း၄၈မိနစ်	ဦးရန်နိုင် DEPT
၁၈။	၁၅း၀၆း၀၀မှ ၁၅း၁၆း၀၀	-Post-Test မေးခွန်းလွှာလွှင့်ထုတ်ခြင်း	၁၀ မိနစ်	
၁၇။	**၁၅း၁၆း၀၀**	**စတုတ္ထနေ့အစီအစဉ်ပြီး။**		

မြန်မာ့အသံ

၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂း၀၀ မြန်မာမှုအထွေထွေ (ကနီဦးလူညွန့်) (လုပ်ငန်းစတုံ လကဆုန်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (မှန်ကြည့်တတ်ဖို့လိုသည်- ဦးလှမင်း)
၁၂း၃၅ ခရီးသွားစကားပိုင်း(မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း)
၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ကြေးထွင်းပုံနှိပ်ပန်းချီ- ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ (ကြာဆံကြီးနို့စိမ်းခေါက်ဆွဲ)
၁၇း၄၅ ဆို၊က၊ရေး၊တီးဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မဇာဇာလင်း(ခ) ပေါက်ကျော်မနှင့် မချစ်စုဝေစတင်းတို့၏ ပတ္တလားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)အောင်ရာအောင်ကြောင်းကောင်းသည့်စကားများ (ဒေါက်တာမတင်ဝင်း- ပညာရေးတက္ကသိုလ်) (၂)ပညာရှင်များရဲ့ နှစ်ဆယ့်တစ်ရာစု-ကျော်ဝင်း)
၂၀း၃၀ မဥ္ဇူရီတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ထူးအိမ်သင်၏တေးစီးရီး "တစ်နေ့စာအလွဲများ"

ဧပြီ ၁၉ရက်က ဖြူးမြို့နယ် စည်ပင်သာယာရေး အဖွဲ့က သစ်ပင်စိုက်ပျိုး ရာသီအမီ အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က ကွင်းဆင်းကြည့်ရှုစဉ်။

(မြို့နယ်စည်ပင်)





တိုက်ခန်းများ ရောင်းရန်ရှိသည်

မြေညီ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထထပ်များ
အခန်းအကျယ် (၁၈x၅၂) ပေ
အခန်းဖွဲ့စည်းပုံ Hall Type (အရှေ့ဘက်မျက်နှာလှည့်)
ကားပါကင် (ကွန်ကရစ်ခင်းပြီး) ပါရှိသည်။

ဈေးနှုန်း – **ညှိနှိုင်းဈေး**
လိပ်စာ – အမှတ် ၅၃-၅၄၊ လယ်ယာရွှေမြေလမ်းနှင့် ဧယျာသုခလမ်းထိပ်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်။

ဆက်သွယ်ရန်– ၅၄၂၅၆၅ (၉း၃၀–၄း၃၀)နာရီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်
ရန်ကုန်မြို့ ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ရက်
၂၀၀၄ခုနှစ် မတ်လ ၃၁ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ ၂၆ရက်မှ ဇူလိုင်လ ၃ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေတိုးတက်ရရှိစေရန်။
(ခ) နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။
(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။
(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး၊ ရောင်းရငွေ ယူရို ၁၈ဒသမ ၅သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေး ကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၆၃၀ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိ၍ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ လျင်မြန်စွာ တင်ပို့ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေ လည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export earning)အဖြစ် သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များ ကိုပြည်ပမှ တင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ ခုနှစ် ဇွန်လအတွင်းကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ ခုနှစ် မေလ ၁ ရက်မှ ဇွန်လ ၁ ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေး ဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက် ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ ၄-၅-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၁)(၂)
၁။ အခြေခံလျှပ်စစ် သံဂဟေဆက်သင်တန်း (ဓာတ်ငွေ့ဂဟေဆက်၊ အဆင့်မြင့် TIG နှင့် MIG ဂဟေဆက်)။
၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း။
၃။ တွင်ခုံ/ဖောက်ခုံသင်တန်း။
၄။ ယန္တရားကိုင်တွယ် ထိန်းသိမ်းမှုသင်တန်း။

တည်နေရာ
ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံအမှတ်(၁) မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။ (မဟာဗန္ဓုလတံတားအနီး)။
တယ်လီဖုန်း – ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄၊ ၇၂၆၅၇၂ (ရုံးချိန်အတွင်းသာ)

ဆေးဝါးစက်ရုံသစ်စီမံကိန်း(ပြင်ဦးလွင်)အတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးစက်ရုံသစ်စီမံကိန်း(ပြင်ဦးလွင်)တွင် အသုံးပြုရန်အတွက် လိုအပ်သော ဒုတိယအဆင့် စက်နှင့်စက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။
၂။ တင်ဒါအသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
အမှတ်(၁)စက်မှုဝန်ကြီးဌာန
၁၉၂၊ ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့
ဖုန်း–၅၆၆၇၂၀၊ ၅၆၆၇၅၀

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ပန်းဘဲတန်းမြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီး၊ အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပေါက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါအခန်းအား အဆင့်ဆင့်ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့် စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာသဖြင့် အမည်ပြောင်းလဲပေးခြင်းနှင့် ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
	ဗိုလ်ကြီးသက်နိုင် အက်စီဂျီ–၀၁၀၃၄၄	ဦးဘိုကြီး ၁၂/တမန(နိုင်) ၀၈၁၆၁၀	အမှတ်–၁၀၈ ဆဋ္ဌမထပ် ၃၁–လမ်း

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင် (ပါမောက္ခဌာနမှူး ရူပဗေဒဌာန မကွေးတက္ကသိုလ်)–ဒေါ်စန်းစန်းမြင့်တို့၏ မိခင်ကြီးဒေါ်အေးကြည် အသက်(၁၀၂)နှစ် ဟေမာဇလရပ် မန္တလေးသည် ၇-၄-၂၀၀၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါသည်။

ရူပဗေဒမိသားစု၊ မကွေးတက္ကသိုလ်။

ဦးလှကျော်(ဆင်ဖြူကျွန်း)၊ မင်းဘူးအသင်း(နာယက)
သက်ကြီးကန်တော့ခံ စာပေပညာရှင်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
အခြေခံပညာဦးစီးဌာန၊ ပညာတန်ဆောင် အုပ်ချုပ်ရေးမှူး(ငြိမ်း)
အသက်(၉၀)

ရန်ကုန်တိုင်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ခွန်နီလမ်းသွယ်(၂)၊ အမှတ် ၉၃ နေ (ဒေါ်ဖွားသိုက်) ၏ခင်ပွန်း၊ (ဗိုလ်နေဝင်း)၊ ဒေါ်စန်းစန်းဝင်း(ရသုံးဦးစီး)၊ (ဦးအောင်ဝင်း)–ဒေါ်နုနုသိန်း၊ ဦးရဲဝင်း(စစစ)–ဒေါ်တင်တင်ကျော်၊ ဦးကျော်ဝင်း(အကျဉ်းဦးစီး)–ဒေါ်ဆန်းဆန်းမြင့်၊ ဒေါ်စုစုဝင်း(ရှေ့နေချုပ်ရုံး)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၂၃-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။



ကားစီးလုံးငှားသည်

Zaw Win & Associates
(Z & A)
Car Renter
Tel:540545, 09-8020091

ရောင်းရန်(ညှိနှိုင်းဈေး)

လှိုင်သာယာစက်မှုဇုန်(၅)၊
အကွက်အမှတ် ၈၈၊
ပေ ၁၁၀x၁၄၂ ပေ
ဆက်သွယ်ရန်–
ဦးကံဌေး၊ ဦးလှပို
၀၉၉၀–၆၁၁၃၆
၀၉၉၀–၆၀၀၉၄
၀၉၉၀–၆၀၃၉၇
ပွဲစားမလိုပါ။

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

မောင်ဝင်းနိုင်စိုး B.E (Electronics) Y.I.T.
B.Sc (Hons:) Computing Science
(Middlesex University, UK)
နှင့်
မနှင်းအိခိုင် B.Sc.(Maths) (M.U)
D.M.A (LCCI). CCA Part II (U.K)

တို့၏ ၂၆-၁၀-၂၀၀၃ (တနင်္ဂနွေနေ့) တွင် ကျင်းပသော မင်္ဂလာ မော်ကွန်းတင် လက်မှတ်ရေးထိုးပွဲသို့လည်းကောင်း၊ ၂၄-၄-၂၀၀၄ (စနေနေ့) Mandalay Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ လည်းကောင်း၊ ကြွရောက် ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ သူငယ်ချင်း မိတ်ဆွေ အားလုံးအားလည်းကောင်း၊ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ချီးမြှင့်ခဲ့ကြသူ အားလုံးအား လည်းကောင်း၊ Mandalay Sedona Hotel မှ ဝန်ထမ်းများ အားလုံးနှင့် ဧည့်ခံပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်ဝင်းနိုင်စိုး- မနှင်းအိခိုင်။

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မှ မြေကွက်များ မြေခွဲရန်ကိစ္စ

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် မြေတိုင်းရပ်ကွက် အမှတ် ၅၆၃ မြေကွက် အမှတ် ၅၇/၃နှင့် မြေတိုင်းရပ်ကွက်အမှတ်၅၆၃၊ မြေကွက် အမှတ် ၈၀တို့အား ဝယ်ယူထားသော မြေပိုင်ရှင်များသည် မြေကွက်ခွဲစိတ်ရန်နှင့် သီးခြားဦးပိုင်အမည်ပေါက် ဆောင်ရွက်ရန် ကိစ္စတို့ကို ညှိနှိုင်းဆွေးနွေးလိုပါသဖြင့် အောက်ပါအတိုင်း ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၀၄ခုနှစ်၊မေလ ၉ရက်
နေရာ - တိလောကဘုန်းတော်ကြီးကျောင်း
ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်
အချိန် - နံနက် ၀၉း၃၀နာရီ

မြေကွက်ခွဲစိတ်မှုဖြစ်မြောက်ရေးကော်မတီ
ဖုန်း- ၆၀၀၁၅၁၊ ၃၇၁၆၄၆၊ ၀၉-၈၀-၃၄၈၉၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် ၁၆/၂၀၀၄ (၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောရေးရာဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများအလိုရှိပါသည်။

	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဦးစီးအရာရှိ	မြို့ပြအင်ဂျင်နီယာဘွဲ့	၃ နေရာ
(ခ)	ဦးစီးအရာရှိ	မဟာသိပ္ပံဘွဲ့(သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ)သို့မဟုတ် မဟာဝိဇ္ဇာဘွဲ့ (ပထဝီဝင်)သို့မဟုတ် တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိပြီး မြေတိုင်းအရာရှိ တစ်နှစ်သင်တန်းအောင်မြင်ပြီးသူ	၄ နေရာ
(ဂ)	ဦးစီးအရာရှိ	ကွန်ပျူတာသိပ္ပံဘွဲ့ သို့မဟုတ် ကွန်ပျူတာနည်းပညာဘွဲ့	၅ နေရာ

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၈-၅-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘာဝအရ အမျိုးသားဖြစ်ရမည်။
(ဃ) ကျန်းမာရေးအထူးကောင်းမွန်၍ မျက်စိအထူးကောင်းမွန်ပြီး Stereo-scopic Vision စမ်းသပ်ခြင်းနှင့် ၁၀ မိုင် လမ်းလျှောက်စစ်ဆေးခြင်း အောင်မြင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈-၅-၂၀၀၄ နေ့အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/-ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့်ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ရေးဖြေစာမေးပွဲ** စာစစ်ဌာနများ ထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈-၅-၂၀၀၄ နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၂-၆-၂၀၀၄ နေ့နှင့် ၁၃-၆-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေ စာမေးပွဲကျင်းပမည်။ ၁၀-၆-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။



စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေ ပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅၊ ၂၄၅၆၄၂

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ငွေရှင်
(ကျွန်းစုမြို့)
အသက်(၆၅)နှစ်

ကျိုက္ခမီမြို့၊ ရွှေပိတောက်ရပ်နေ ဦးကျန်သာ-ဒေါ်အေးထိန်တို့၏ အငယ်ဆုံးသမီး၊ ကျွန်းစုမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးသန်းကြွယ်၏ဇနီးသည် ၂၄-၄-၂၀၀၄ရက် ညပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကျွန်းစုမြို့မှ မိတ်ဆွေများ။

ဝမ်းနည်းကြေကွဲခြင်း
ဦးစောထွန်းအောင်
အသက်(၇၅)နှစ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်း EMPA (2nd Batch) မှ ဒေါ်သန္တာအောင်၏ဖခင် ဦးစောထွန်းအောင်သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်၊ဌာနမှူး၊ဆရာဆရာမများ၊သင်တန်းသားသင်တန်းသူများ။

အမည်ပြောင်း

အဖ ဦးငြိမ်းအောင်၏ သမီးဖြစ်သူ မတင်တင်သန်း ၁၂/သကတ (နိုင်) ၀၃၆၁၃၈ အား မနွယ်နီသန်းဟု ပြောင်းလဲခေါ်ပါရန်။ **မနွယ်နီသန်း။**

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး ဦးထွန်းအောင် (ကျောက်မြောင်း၊ ရွှေဘို) အသက်(၉၁)နှစ်

ရွှေဘိုမြို့နယ်၊ ဟံလင်းကြီးမြို့ဟောင်း (ဦးချိမ့်-ဒေါ်ကြီး)တို့၏သားထွေး၊ (ဦးလမ်း- ဒေါ်ဖော့အူ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၃၃၄၊ ဆရာစံလမ်း၊ ၂/ခ ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်ကျင်မေ၏ ခင်ပွန်း၊ ဒေါ်ခင်မြင့်၊ ဒေါ်ကြည်ကြည်လွင်၊ ဦးခင်မောင်တိုး၊ ဒေါ်ခင်စောဦး၊ ဦးစောရွှေအောင်-ဒေါ်နုနုရီ (ရွှေမိုးပြည့်စုံဆောက်လုပ်ရေး)၊ ဒေါ်နုနုကြည်တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးဖြစ်သူသည် ၂၃-၄-၂၀၀၄ရက်(သောကြာနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ ရက် (အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ဒါယိကာမကြီး ဒေါ်ရှန်းဝိုင်း(ခ) ဒေါ်အေးမေ (ဘုရားငုတ္တိုကျေးရွာ) အသက်(၉၁)နှစ်

ပဲခူးတိုင်း၊ အင်းတကော်အပိုင်၊ ဘုရားငုတ္တို ကျေးရွာနေ (ဦးစိန်ပွား-ဒေါ်ညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၆၈၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေနေ (ဦးကျင်သိန်း)၏ဇနီး၊ ဦးအောင်စိုး-ဒေါ်ခင်မျိုးနွယ်၊ ဦးတင်နိုင်၊ ဦးချစ်လှိုင်-ဒေါ်မေရီတင်သန်း၊ ဦးသိန်းအောင်-ဒေါ်မြတ်သန္တာ၊ ဦးဝင်းမော်-Dr. ဒေါ်မမကြီးတို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၂၄-၄-၂၀၀၄ ရက် နံနက် ၆း၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

၃၀-၄-၂၀၀၄ ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားနာရန် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ်၊ ၁၇/၂၀၀၄ (၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၀ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ အမှတ်(၂) စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ အဖွဲ့အစည်းများတွင် လစ်လပ်လျက် ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	လျှပ်စစ်စွမ်းအား၊ အင်ဂျင်နီယာဘွဲ့	၅ နေရာ
(ခ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	စက်မှုအင်ဂျင်နီယာဘွဲ့	၃၀ နေရာ
(ဂ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	သတ္တုဗေဒအင်ဂျင်နီယာဘွဲ့	၅ နေရာ
(ဃ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	အီလက်ထရွန်နစ်၊ အင်ဂျင်နီယာဘွဲ့	၅ နေရာ
(င)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	ဓာတုအင်ဂျင်နီယာဘွဲ့	၂ နေရာ
(စ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	မြို့ပြအင်ဂျင်နီယာဘွဲ့	၂ နေရာ
(ဆ)	ဌာနခွဲမှူး/လက်ထောက်မန်နေဂျာ	ဗိသုကာဘွဲ့	၁ နေရာ
(ဇ)	ဌာနခွဲမှူး/လက်ထောက်မန်နေရာ	ဝါဏိဇ္ဇဗေဒဘွဲ့	၁၀ နေရာ

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၈-၅-၂၀၀၄ ရက်တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀) ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကိုဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈-၅-၂၀၀၄ ရက်အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများ ထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာန အကြီးအကဲမှ တစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး၊** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၈-၅-၂၀၀၄ ရက်အရောက် ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၁၂-၆-၂၀၀၄ ရက်နှင့် ၁၃-၆-၂၀၀၄ ရက်များတွင် အရည်အချင်းစစ် ရေးဖြေစာမေး ပွဲကျင်းပမည်။ ၁၀-၆-၂၀၀၄ ရက်မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့် ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် ၃၇၈၁၆၃ သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

အဆင့်မြင့်ကုန်စည်ပြပွဲနှင့်ဈေးရောင်းပွဲတော်
(မြောင်းမြမြို့၊ ပုသိမ်မြို့)
ဧပြီလ (၂၈-၄-၂၀၀၄) မှ (၂-၅-၂၀၀၄)(မြောင်းမြမြို့၊ မြို့မ အားကစားကွင်း)။
မေလ (၅-၅-၂၀၀၄)မှ (၉-၅-၂၀၀၄) (ပုသိမ်မြို့၊ ကန်သာယာကွင်း)။
Pole Star Group Tamwe Township, Yangon Tel:543186'

သမီး၏အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်-ကျွန်မတို့၏ သမီးဖြစ်သူ မနန်းမြတ်စိုး ၇/ဖမန (နိုင်) ၁၂၅၄၉၁ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောလျှောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

ဦးမြတ်ကျော် ၇/ဖမန(နိုင်)၁၂၅၅၄၇
ဒေါ်ဝင်း ၇/ဖမန(နိုင်)၁၂၈၉၁၆

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးတင်ကြည် (ခ) Terence T.Kyi
B.A.,B.L.,
(Managing Director)
Phoenix Trading Co.,Ltd.
အသက် (၇၇)နှစ်

ရန်ကုန်မြို့ (ဦးဘချစ်-ဒေါ်ကြွေ) တို့၏သားကြီး၊(ဒေါ်တင်မေ-ဦးသောင်းထွန်း)၊ ဒေါ်တင်ရွှေ-(ဦးတင်မောင်)၊ ဒေါ်တင်မြင့်-ဦးကျော်ခင်၊ ဒေါ်တင်နု၊ (ဒေါ်တင်စု-ဦးကိုကြီး)၊ ဒေါက်တာတင်အောင်-ဒေါ်စန်းစန်းထွေး၊ (ဦးတင်ထွန်း)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးတင်ထွေး၊ ဦးတင်အေး၊ ဟာဂျီဦးတင်ဌေး-ဟာဂျီမဒေါ်မြမြသိန်းတို့၏အစ်ကိုကြီးသည် ၁၃-၄-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၄၃ နာရီတွင် အလ္လာရှင်မြတ် အမိန့်တော် ခံယူသွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

ဒုတပ်ကြပ် ကျော်မင်းစိုး အသက် (၂၉)နှစ်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် ၁၃ ရပ်ကွက်၊ အမှတ် ၂၁၈၊ ဓမ္မသုခကျောင်းလမ်းသွယ်၊ လှိုင်ရဲစခန်းအနောက်နေ၊ ဦးသောင်းစိန် (တကက၊ ငြိမ်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့)-(ဒေါ် ညို)တို့၏သား၊ ဦးတင်အောင်မိုး (စမ်းချောင်းရဲစခန်း)-ဒေါ်သင်းသင်းခိုင်၊ ဒေါ်ခင်လှမျိုး(လှိုင်ချိုဇင်ဓာတော်လီ)တို့၏ညီမောင်၊ ဦးအောင်မင်းစိုး(လက်ထောက်အင်ဂျင်နီယာ၊လျှပ်စစ်၊မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန)၏ အစ်ကို၊ မခိုင်သဇင်မိုး၏ ဦးလေးသည် ၂၇-၃-၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါ၍ ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှတစ်ဆင့် ယင်းမြို့နယ် သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ(ကျွန်းစုမြို့)
ဒေါ်ငွေရှင်
အသက်(၆၅)နှစ်

ကျိုက္ခမိမြို့၊ ရွှေပိတောက်ရပ်နေ ဦးကျန်သာ-ဒေါ်အေးထိန်တို့၏ အငယ်ဆုံးသမီး၊ ကျွန်းစုမြို့၊ အမှတ် (၁)ရပ်ကွက်နေ ဦးသန်းကြွယ်၏ဇနီး၊ ဦးအောင်သန်းဦး-ဒေါ်အေးဝင်း၊ ဦးအောင်ကျော်မိုး-ဒေါ်စီစီသန်း၊ မောင်ကျော်မိုးထွန်းတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၄-၄-၂၀၀၄ ရက် ည ၈း၃၀ နာရီတွင် ကျွန်းစုမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျွန်းစုမြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဉာဏ်ထွဋ် (ပုသိမ်/သန်လျင်)
ဆက်သွယ်ရေးအရာရှိ R/O(ငြိမ်း)
အသက်(၆၀)

သန်လျင်မြို့နေ (ဦးကျော်မောင်)(ပန်းဘဲတန်းမြို့နယ်ဦးစီးမှူး၊ ငြိမ်း)-ဒေါ်နီနီ(ခ)ဒေါ်အမာနီတို့၏သားကြီး၊ ဦးမျိုးညွန့်-ဒေါ်မာလာ၊ [ဒေါ်ခင်အေးမူ(ခ)မူမူ](ကြေ့/မြေ၊ငြိမ်း)-ဦးသိဏ်းချမ်း၊ ဒေါ်ခင်စောယု-ဦးနေဝင်း၊ ဒေါက်တာခင်ထားရီ(ခ)မဆုမုတြာ၊ ဒေါ်ကြည်ကြည်ဝင်း-ဦး Richard Minus (ခ)ဦးဒစ်ကီ၊ ဦးမြင့်အောင်တို့၏အစ်ကိုကြီး၊ မမေသက်ထား (Diethlm Company)၊ မစုမြတ်လှ(Myanmar Time)၊ မောင်သိန်းထွန်းအောင်(ခ)ဒိုးမောင် (Final Year,Bot)၊ မသိမ့်၊ မောင်ဇေယျာသိဏ်းချမ်း(Final Year,B.M)၊ မရတနာဟန္နီ(B.Tech;E.C)၊ မအိမ့်(Final Year; Eng)၊ မောင်လင်းနေဝင်း (2^{nd} Yr Geology)၊ မဝေလဲ့ဟန္နီ(1^{st} Yr Geography)၊ မောင်ကြည်စင်နေဝင်း(ကိုကို) (ထ-၂၊ ဒဂုံ)၊ မောင်သန့်စင်နေဝင်း(ညီလေး) (ထ-၂၊ ဒဂုံ)၊ မောင်အောင်ကျော်မှူး(လုံးလုံး)(ထ-၂၊ ဒဂုံ)တို့၏ဘကြီးသည် ၂၆-၄-၂၀၀၄ရက် မွန်းလွဲ ၂း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါကုသဆောင်၌ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သန်လျင်မြို့ နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ခွာပါမည်။)

၂-၅-၂၀၀၄ရက်တွင် သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ် ၁ နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးဆန်းအောင်
(ကန့်ဘလူမြို့နယ်အသင်းဝင်)
ကြီးကြပ်ရေးမှူး(သွား/လာ)
ဗဟိုကွန်ထရိုး၊ မြန်မာ့မီးရထား(ရုံးချုပ်)
အသက်(၅၀)

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် ၈၀ နေ ဦးအောင်ချစ်-ဒေါ်ကျင်ရွှေတို့၏သားကြီး၊ မန္တလေးမြို့၊ ရန်မျိုးလုံရပ်ကွက်နေ ဦးထွန်းစိန်-ဒေါ်မြကြည်တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်း၊ မြန်မာ့မီးရထားဝင်း၊ အရာရှိရိပ်သာ၊ အမှတ် ၆၉(ဒီ)နေ ဒေါ်နွယ်နွယ်ထွန်း၏ခင်ပွန်း၊ မောင်အောင်မြင့်ဝေ၊ မမီမီဝေမွန်၊ မဇင်မာဝေမွန်တို့၏ဖခင်သည် ၂၅-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) ည ၉း၅၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသန်းတင်
ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
အမှတ်(၁၀)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်
တပ်မတော်လက်ဖက်ခြောက်စက်ရုံ(ရန်ကုန်)
(ကျောက်ဖြူ)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊အမှတ်(၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ အမှတ်(၂)တပ်မတော်လက်ဖက်ခြောက် စက်ရုံဝင်းနေ (ဦးစောထွန်း)-ဒေါ်ရင်နုတို့၏သား၊ ဦးမောင်ဖိုးညွန့်-ဒေါ်မသန်းတင်၊ ဦးသန်းလှ၊ တကကသန်းထွန်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးသန်းမြိုင်-ဒေါ်အေးအေးသန်း၊ တကသန်းဖေ-ဒေါ်ညိုနွဲ့တို့၏အစ်ကိုကြီး၊ ဒေါ်ခိုင်စောဦး၏ခင်ပွန်း၊ မတင်အေး၊ မောင်သန်းရွှေ-မဥမ္မာတင်၊ မကြည်ကြည်သန်းတို့၏ဖခင်၊ မောင်စွမ်းထက်ပိုင်၏အဘိုးသည် ၂၆-၄-၂၀၀၄ ရက်တွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါ၍ ၂၈-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြစိုး
(အငြိမ်းစား၊ ရဲအရာရှိ)
အသက်(၇၄)နှစ်

အမှတ် ၆၈၊ ဟံသာဝတီ ၂၂ လမ်း၊ (၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်နေ (ဦးရှန်-ဒေါ်သိန်းတင်)တို့၏ သား၊ ဒေါ်ရွှေဝါ၏ ခင်ပွန်း၊ ဦးလှဌေး-ဒေါ်သိဂီဝင်း၊ ဦးဘုန်းဝင်း-ဒေါ်ပြုံးရီတို့၏ဖခင်၊ မဇာခြည်သော်၊ မောင်ကျော်ဇေယျ၊ မခင်ဇာဝင်းပြည့်တို့၏ အဘိုး၊ [ဦးဘိုးဟိုက် အတွင်းဝန်(ငြိမ်း)-ဒေါ်စောတင်]၊ ဒေါက်တာဦးကြည်ပေါ-(ဒေါ်ခင်ဆွေတင့်)တို့၏ညီ၊ ဒေါက်တာ ဦးကြည်ဝင်း-ဒေါက်တာ ဒေါ်ခင်သန်းရီတို့၏ အစ်ကို ဦးဝိန်မောင်-ဒေါ်ခင်ကြည်ဝင်း၊ ဒေါ်ခင်အုံးဝင်း၊ဒေါ်ခင်အေးဝင်း၊ဒေါက်တာဦးမျိုးညွန့်၊ ဒေါက်တာဦးမျိုးလွင် တို့၏ဦးလေး၊ ဦးဉာဏ်မော်-ဒေါ်ညိုညိုဆင့်၊ ဒေါက်တာဒေါ်လှမြတ်မွန်၊ ဒေါက်တာဦးကျော်ခိုင်ဆွေ-ဒေါက်တာ ဒေါ်မြတ်ရည်မွန်တို့၏ဘကြီးသည် ၂၅-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးအောင်မျိုးသိန်း(ခ)
ဦးအောင်အောင်
B.Sc (Chemistry)
(အောင်စတိုး)
အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၄၀၇နေ[ဦးအောင်ကျင်(ခ)ဦးဘိန်စွမ်း]-ဒေါ်စမ်းကြည်(ခ)အလန်း (အောင်စတိုး)တို့၏သားထွေး၊ ဦးတင်လှ-ဒေါ်လှမြင့်၊ ဦးခင်မောင်-ဒေါ်ခင်ဝင်း၊ ဒေါ်ပြုံးပြုံးဝင်း၊ ဒေါ်ဌေးဌေးဝင်း၊ ဦးအောင်မျိုးဦး(ခ)ဦးဖိုးထောင်၊ ဒေါ်သန်းသန်းဝင်း (လ/ထ ကထိက၊ နိုင်ငံခြားဘာသာတက္ကသိုလ်)တို့၏ညီ/မောင်၊ မနီနီအောင်၊ မသင်းသင်းအောင်တို့၏အစ်ကို၊ မလဲ့ရည်ဦး၊ မမြတ်မြတ်ခိုင်၊ မောင်တင်ဗိုလ်ဗိုလ်၊ မချယ်ရီမောင်တို့၏ဦးလေးသည် ၂၅-၄-၂၀၀၄ရက် ည ၁၁း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၀၄ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငွန်နု
အထက်တန်းသူနာပြုဆရာမ
အလုပ်သမားဆေးရုံကြီး၊ရန်ကုန်
အသက်(၅၈)နှစ်

ချင်းပြည်နယ်၊လုံငိုးရွာ၊မတူပီမြို့နယ်၊ မင်းတပ်မြို့နေ (ဦးခဲဘွေ-ဒေါ်ပေါ်ဖွား)တို့၏သမီးဦး၊ ဒေါ်ပေါ်စီ-ဦးရာစိုး၊ ဒေါ်ရွှေနှင်းဆီ၊ ဒေါ်သီတာထွေး၊ (ဦးချစ်မောင်)၊ဦးထန်ကျင်းရွှေ-ဒေါ်ဟင်လင်ဆီတို့၏အစ်မကြီး၊ အလုပ်သမားဆေးရုံကြီးဝင်းနေ ဦးကြာခဲ၏ဇနီး၊ မောင်မောရစ်ထောင်လျန်အောင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဆလိုင်းပီတာဗန်ထောင်း(ဝန်ကြီးရုံး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)၊ မောင်ဘွေထောင်းဆန်၊ မမွေးမွေးတို့၏မိခင်သည် ၂၅-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် အလုပ်သမားဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (မော်တော်ယာဉ်များ သမိုင်းလမ်းဆုံနှင့် အလုပ်သမားဆေးရုံကြီးဝင်းတို့မှ နံနက် ၈း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးခင်လှ
အကောက်ခွန်ဦးစီးမှူး(ငြိမ်း)
အသက်(၈၄)နှစ်

သထုံမြို့နေ(ဦးအုန်းကြည်-ဒေါ်ချစ်သိန်း-ဒေါ်ခင်ကြည်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမြဒင်)-ဒေါ်ရီတို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၉၇၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ ဒေါ်တင်အေး(နာယက၊ ရွှေတိဂုံစေတီတော်အင်္ဂါသမာဓိအသင်း)၏ခင်ပွန်း၊ သတင်းထောက် ဦးမောင်မောင်လှအေး-ဒေါ်စမ်းစမ်းလှ(အမက-၉၊ မတည)၊ (ဦးသက်တင်)၊ ဦးစောဝင်း(ရန်ကုန် နှင်းနှင်း အလှပြုပြင်ရေး၊ မိတ္ထီလာ)၊ဦးမြင့်သိန်း(ခ)ဦးချို-ဒေါ်အေးအေးသန်း၊ ဦးစန်းလွင်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၆-၄-၂၀၀၄ရက် (တနင်္လာနေ့) ဝဝး၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမောင်မြိုင် (မော်လမြိုင်)
အသက်(၈၃)နှစ်

မော်လမြိုင်မြို့၊ အမှတ် ၄၂ (B)၊ သုတလမ်း၊ လှည်းတန်းရပ်၊ဒိုင်းဝန်ကွင်းနေ (ဦးဘအို-ဒေါ်မသန်း)တို့၏သား၊ (ဦးမင်းမောင်-ဒေါ်မကြွေ)တို့၏ သားသမက်၊ ဒေါ်အုံးရင်၏ခင်ပွန်း၊ ဦးမြင့်သိန်း-ဒေါ်အေးတင့် (ဆန်ရောင်းဝယ်ရေး)တို့၏ဖခင်၊ မစိမ့်စိမ့်အေး၊ မမာလာအေး၊ မသက်မာအေး၊ မောင်ထွန်းထွန်းနိုင်၊ မောင်သက်ကိုကိုနိုင်တို့၏အဘိုးသည် ၂၅-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
ဒေါ်သန်းညွန့် (ကျောက်တန်းမြို့)
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ ကျောက်တန်းမြို့၊ အနောက်ပိုင်းရပ်ကွက်၊ အမှတ် ၂၀၊ မင်းကျောင်းလမ်းနေ(ဦးကျင်ထွန်း-ဒေါ်သန်းကြည်)တို့၏သမီးသည် ၂၅-၄-၂၀၀၄ရက် နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင်ကျောက်တန်းမြို့ တရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းအမကြီး
ဒေါ်ညိုညို
(စစ်တွေမြို့၊ မြို့သူကြီးရပ်)
အသက်(၅၅)နှစ်

စစ်တွေမြို့၊ မြို့ကြီးသူရပ်ကွက်နေ (ဦးမောင်လှအောင်-ဒေါ်မွီးခိုင်ဦး)တို့၏သမီး၊ ဦးအောင်ထွန်းမြ-ဒေါ်သတင်းဖြူတို့၏သမီးချွေးမ၊ ဦးကျန်းသီးအောင်(ဒုတိယညွှန်ကြားရေးမှူး၊လဝက၊သာယာဝတီ)-ဒေါ်ချစ်မေဆန်း၊ ဒေါ်ကျွန်မဖြူတို့၏ညီမ၊ ဦးဟန်ထွန်းမောင်-ဒေါ်မခင်သာတို့၏အစ်မ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူ ကုန်သွယ်/လယ်ယာဝင်းနေ ဦးထွန်းမောင် [ဌာနစုမန်နေဂျာ၊ တကခ(၄) ကုန်သွယ်/လယ်ယာ]၏ဇနီး၊ မောင်မောင်မြင့်၊ မမြတ်မွန်စိုး(2^{nd} Years, Physics)တို့၏မိခင်သည် ၂၆-၄-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄း၀၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းဝင်းယု
အသက်(၅၃)နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ ဗိုလ်ကြီးအောင်ဇင်ယု(ငြိမ်း) - (ဒေါ်တင်ညွန့်)တို့၏မြေး၊ မန္တလေးမြို့၊ ပုသိမ်ကြီး ရန်ကင်းသာယာရပ်၊အင်းဝလမ်း၊အမှတ် ၂၉၄နေဦးရင်မောင်-ဒေါ်မုန်းတို့၏သမီး၊ တောင်ကြီးမြို့၊ တောင်ကြီး တက္ကသိုလ် အရှေ့တိုင်း ပညာဌာနမှ ပါမောက္ခ ဦးတင်ဦး၏ဇနီး၊ဒုတိယရဲမှူးကြီးခင်မောင်ထွန်း-ဒေါ်ခင်မြတ်ထွေး (မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)၊ ကိုအောင်လွင်ယု-မစန်းစန်းဦး(မန္တလေး)၊ ဆရာလေး ဒေါ်တိရဏာဉာဏ်၊ ဆရာလေး ဒေါ်စရိတဝတီ (ပါရမီသီလရှင် စာသင်တိုက်၊သန်လျင်)၊ (ကိုခင်မောင်မြင့်)-မချစ်ချစ်၊ (မောင်ကိုကိုကြီး)၊ (မောင်ကိုကိုလေး)တို့၏အစ်မကြီး၊ (မောင်ခန့်သန့်)၊ မောင်ကောင်းဝင်းတင်တို့၏မိခင်သည် ၂၅-၄-၂၀၀၄ရက် ည ၁၁း၅၅ နာရီတွင် တောင်ကြီးမြို့၌ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း
ဒါယိကာမကြီး
အင်ဖိတ်ကရောင်း(ခ)ဒေါ်ခင်စိန်
(ဆင်မလိုက်၊ ကွမ်းခြံ)
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ဆင်မလိုက်-အုန်းတော၊ စံပယ်မာဃလမ်း၊ အိမ်အမှတ် ၅ နေ (ဦးဟုတ်ခင်)၏ဇနီး၊ ဒေါ်ဝင်းကြည်-ဦးကောက်၊ (ဦးသိန်းထွန်း)၊ ဦးမြင့်ထွန်း-(ဒေါ်ကျင်မေ)၊ ဒေါ်စောတင်-ဦးသိန်း၊ ဒေါ်မြင့်မြင့်-ဦးစိုးသန်း၊ ဒေါ်မြမြ-ဦးကျော်ဝင်း(မြမြစတိုး၊ ကြည့်မြင်တိုင် ညဈေး)တို့၏မိခင်၊ မြေး ၂၂ ယောက်၊ မြစ် ၁၉ ယောက်တို့၏အဘွားသည် ၂၆-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုံးပွင့်
အသက်(၇၀)

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးမ၊ မုံကိုင်ရွာနေ (ဦးသာဓံ)၏ဇနီး၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ ကေတုမာလာရိပ်သာ၊ အမှတ် ၇၄-A နေ ဦးမင်းဟန်-ဒေါ်ကြည်ကြည်အေး၊ ကိုအောင်နိုင်ဝင်း၊ ကိုကျော်မျိုးနိုင်-မချိုချို၊ ကိုအောင်မျိုးဝင်း-မမိုးမိုးဝါ၊ အရှင်အဂ္ဂရ (ဇောတိကာရုံကျောင်းတိုက်၊ မ/ဒဂုံ)၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် နေအိမ်၌ ၂၆-၄-၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (၂၀)
ကပ-၇၃၈၉
ဒုလက်ထောက်အကောက်ခွန်မှူး
နစရ(၂)
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် ၂၅၊ မြလမ်းနေ ဦးမှတ်-ဒေါ်အုန်းကြည်တို့၏ သား၊ ဦးထွန်းရ-ဒေါ်ညွန့်တင်တို့၏ သားသမက်၊ မချိုချို၏ခင်ပွန်း၊ ဦးအောင်ကြီး-ဒေါ်စန်းစန်းဦး၊ ဦးသန်းဌေး၊ ဦးမြင့်သိန်း၊ ဦးခင်မောင်သန်း-ဒေါ်မြင့်မြင့်ကြည်တို့၏ အစ်ကိုကြီး၊ မယဉ်မေဝင်း(အထက-၃၊တာမွေ)၊ မမြတ်သင်းခိုင်(အမက-၁၈၊ တာမွေ)တို့၏ဖခင်၊ မောင်ဇော်မင်းဦး၊ မောင်သန့်ဇင်ဦး၊ မယဉ်မင်းဦး၊ မောင်ဇော်လင်းနိုင်တို့၏ဘကြီးသည် ၂၅-၄-၂၀၀၄ရက် ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုအုန်းဆိုင်(ခ)အငယ်လေး(ခ)
ဟိန်းထက်ဇော်
(တတိယနှစ်၊ သမိုင်း)
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၂၁၄၊ ဗိုလ်ဆွန်ပက်လမ်းနေ (ဦးမြအုန်း-ဒေါ်လှကြည်) ဦးမြအုန်း စာအုပ်ဆိုင်တို့၏သားထွေး၊ ရန်ကုန်မြို့၊ အမှတ်၂၅၁၊ ၃၉ လမ်း(ခြောက်လွှာ)နေ မတင်တင်အုန်း၊ (ကိုအုန်းခိုင်)၊ မသန်းသန်းအုန်း(သဥ္ဇာဇော်စတိုး၊ဗိုလ်ချုပ်ဈေး)၊ ကိုအောင်စိုးမြင့်၊ ကိုအောင်ကျော်ခိုင်တို့၏မောင်/ညီ/အစ်ကိုသည် ၂၅-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၃း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး အသည်းအထူးကုဌာန၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(မောင်ထော်လေးလမ်းနှင့် ၃၉လမ်းနေ အိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်စန်းဗိုလ် (ရေစကြို)
B.Sc, (Geol)
အသက်(၃၁)နှစ်

ရေစကြိုမြို့နယ်၊ မာလကာခြံရွာနေ ဦးရဲမွန်-ဒေါ်ဌေးလှိုင်တို့၏ သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီတောင်ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ် ၉၈နေ မသင်းသင်းရွှေ (နတလဦးစီးဌာန)၏ခင်ပွန်းသည် ၂၆-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သက်တော်ရှည်ဆရာတော်
ဘဒ္ဒန္တ ဣန္ဒက
(အောင်သိဒ္ဓိကုန်း၊ ရွှေစေတီကျောင်းတိုက်)
မြင်းထရိန်နာ ဦးထွန်းတင်
(သရက်တောရပ်၊မြစ်ခြေ၊ပခုက္ကူ)
သက်တော်(၁၀၂)နှစ်၊ ဝါတော်(၄၂)ဝါ

အမှတ် ၄၅၊ ၁၆၆ လမ်း၊ တာမွေကြီး (ခ)ရပ်ကွက်နေ (ဒေါ်သိန်းညွန့်)၏ ခင်ပွန်း၊ ဦးမောင်မောင်-ဒေါ်မြရှင်၊ ဦးအောင်ရွှေ-ဒေါ်မြင့်မြင့်၊ ဦးတင်အေး-ဒေါ်ကျင်လှ၊ဒေါ်အောင်ငွေ၊ ဦးတိုးလှ-ဒေါ်ဌေးဌေးတို့၏ဖခင်ကြီး၊ ဦးသန်းကြိုင် (မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး၊ ဒလ)၊ ဦးမြင့်သိန်း(ဆက်သွယ်ရေး)တို့၏ဦးလေး၊ ဒေါ်မြင့်ရွှေ (အမက-၁၊ ဗဟန်း)၊ ဒေါက်တာအေးမြင့်ဦး၊ ဦးတင်မြင့်ဦး၊ ဒေါ်မာမာဦး၊ ဦးကျော်ကျော်ဦး၊ ကပ္ပတိန်ဦးစိုးနိုင်(M.T.M)၊ ဒေါ်နီနီ(အမက-၃၄၊ တာမွေ)၊ ဒေါ်ညိုညို(အထက-၂၊ တာမွေ)၊ ဒေါ်ဝါဝါခိုင်၊ ဦးရဲရန်အောင် (ရုံးမဘဏ်)၊ဒေါ်ခင်သီတာအေး(အထက-၃၊ တာမွေ)၊ ဒေါ်အေးအေးမြင့်၊ ဦးဆန်းထွန်း(M.T.M)၊ ဦးဇော်မင်းထွန်း၊ ဒေါ်မြသီတာခိုင်(M.G.S)၊ ကိုလှိုင်မျိုးထွန်း၊ မခိုင်မာမာထွန်း၊ မမိုးစန္ဒာထွန်း၊ မောင်ဟိန်းဇေယျာထွန်းတို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၄-၂၀၀၄ရက်(စနေနေ့)ညနေ ၆း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။ကျန်ရစ်သူမိသားစု။

ဦးချစ်
(မြန်မာ့မီးရထား၊ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
အသက်(၈၀)

သာကေတမြို့၊ ၂/မြောက် ရပ်ကွက်၊ အနော်မာ ၁၉ လမ်း၊ အိမ်အမှတ် ၁၃ နေ (ဦးစ-ဒေါ်မမ)တို့၏သား၊ ဒေါ်တင်အေး၏ခင်ပွန်း၊ ဦးကြည်ထွေး-ဒေါ်ရင်၊ ဦးချစ်သိန်း-မစန်းတို့၏ဦးလေး၊ ဦးပြုံးချို၊ မခင်အုံးချစ်၊ မတင်တင်ချစ်၊ မခင်မြချစ်၊ မသန်းသန်းအေးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရီ
ပွေးလှ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)
အသက်(၆၉)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပွေးလှမြို့နေ(ဦးဘ-ဒေါ်စံတင်)၏သမီးထွေး၊ ဦးပွ၏ဇနီး၊ ဦးတင်အောင်-ဒေါ်မြင့်မေ၊ ဦးဝင်းလွင်-ဒေါ်တင်မီသန်း၊ ဦးမျိုးစံ-ဒေါ်ရင်မီသန်း၊ ဦးကိုကိုလတ်-ဒေါ်နုနုသန်း၊ (ဦးထင်ကျော်)၊ ဦးမြတ်သူရ-ဒေါ်စုစုသန်းတို့၏မိခင်၊ ဦးနေအောင်-ဒေါ်ခင်မာကြည်၊ ဦးစံထွန်း-ဒေါ်သန်းညွန့်တို့၏ညီမ၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၂၂-၄-၂၀၀၄ရက်(ကြာသပတေးနေ့) ည ၁၀ နာရီတွင် ပွေးလှမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၀၄ရက်(စနေနေ့)တွင် ပွေးလှမြို့သုသာန်တွင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ရီ
ဦးစီအရာရှိ(မြို့ပြ၊ငြိမ်း)
ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း
အမှတ်(၁)တည်ဆောက်ရေး
ရေအားလျှပ်စစ်ဦးစီးဌာန
အသက်(၆၁)နှစ်

ပျဉ်းမနားမြို့၊ အောင်စည်သာတိုးချဲ့ရပ်ကွက်နေ ဒေါ်တင်သန်း၏ခင်ပွန်း၊ ကိုတင်မောင်နိုင် - မသင်းသင်းလှိုင်၊ ကိုတင်မောင်လတ်-မနီနီထွေး၊ ကိုသက်နိုင် [ဦးစီးအရာရှိ(မြို့ပြ)ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း]-မဝင်းဥမ္မာရီ၊ (ကိုအောင်ကျော်မင်း)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၀၄ရက် ညနေ ၆ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

၁-၅-၂၀၀၄ရက် (စနေနေ့)တွင် ပျဉ်းမနားမြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဝိမလ
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ဣန္ဒာရာမကျောင်းတိုက်၊ ကြို့ကုန်း၊ အောင်မြေရွှေဂူကျောင်းတိုက်၊ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်း၊ ဇေယျာသီဝံမြို့မကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဘဒ္ဒန္တဝိမလ မဟာထေရ်မြတ်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ ရက် (၂၅-၄-၂၀၀၄ရက်) တနင်္ဂနွေနေ့ နံနက် ၇း၁၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၁ ရက် (၂၉-၄-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ကျင်းပပူဇော်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အောင်သိဒ္ဓိကုန်း၊ရွှေစေတီကျောင်းတိုက်၊ပဓာနနာယက
သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ဣန္ဒက
ဥက္ကဋ္ဌ သံဃနာယကအဖွဲ့
ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်
မြင်းထရိန်နာ ဦးထွန်းတင် (သရက်တောရပ်၊မြစ်ခြေ၊ပခုက္ကူ)
သက်တော်(၁၀၂)နှစ်၊ သိက္ခာတော်(၄၂)ဝါ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အောင်သိဒ္ဓိကုန်း၊ ရွှေစေတီကျောင်း ဆရာတော် ဘဒ္ဒန္တ ဣန္ဒက (ရပ်ကွက်သံဃနာယက၊ ဥက္ကဋ္ဌ)၊ ကမ္မဋ္ဌာနာစရိယ၊ မဟာစည်နည်းလှည့်ခမ္မကထိက၊ သာသနဓဇဓမ္မာစရိယ၊ အရှင်ဉာဏဗလ၏အဘိုးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၆ ရက် (၂၄-၄-၂၀၀၄ရက်) စနေနေ့ ညနေ ၆း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို (၂၈-၄-၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားအကြောင်းကြားသိစေအပ်ပါသည်။ (အောင်သိဒ္ဓိကုန်း၊ ရွှေစေတီကျောင်းမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးအောင်(ခ)ဦးခင်မြင့်
(ဗိုလ်တထောင်) RTC (ငြိမ်း)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းသွယ်၊ အမှတ် ၁၀၊ အခန်း ၈ နေ (ဦးဘိုးသန့်-ဒေါ်ငြိမ်းခင်)တို့၏ သား၊ ဒေါ်ခင်သန်း၏ခင်ပွန်း၊ (ဦးဌေးဝင်း)ဒေါ်လှိုင်ကြည်၊ ဦးသောင်း(RTC)-ဒေါ်စန်းစန်းအောင်၊ ဦးကိုမြင့်(မထသ)-ဒေါ်တင်တင်ဝင်း၊ ဦးမြင့်ဦး-ဒေါ်စိုးစိုးသိန်း၊ ဦးဝင်းအောင်-ဒေါ်စန္ဒာတို့၏ဖခင်၊ မြေး ၁၄ ယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်နှင်းရွှေ (ပြည်)
အသက်(၉၇)နှစ်

မြန်အောင်မြို့(ဦးလူစံ-ဒေါ်ရွှေဥ)တို့၏သမီး၊ (ဦးမောင်လှ)၏ ဇနီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့မင်းကျောင်း စာသင်တိုက်နှင့်ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပ၊ (၂)ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ မူလဓမ္မရက္ခိတ၊ စာသင်တိုက်တို့၏ပဓာန နာယက ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသ ဆရာတော်ကြီး၏မယ်တော်၊ ပြည်မြို့ (ဦးမောင်ရီ)-ဒေါ်ကြည်သွင်၊ မြန်အောင်မြို့ မသန်းနွဲ့တို့၏မိခင်၊ မြေး၁၀ယောက်၊ မြစ်၁၅ ယောက်တို့၏အဘွားသည် ၂၄-၄-၂၀၀၄ရက်(သောကြာနေ့)ညနေ၆း၁၀ နာရီတွင် ပြည်မြို့ဖက်တန်းရပ်ကွက်၊ ရွှေပိန္နဲဘုရားလမ်း၊အမှတ် ၂၇ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့)ညနေ ၃ နာရီ တွင် ပြည်မြို့ ကန်တော်ဦးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြစံ (ကျောက်တော်)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၆၊ ကံ့ကော်မြိုင်လမ်းနေ ဗိုလ်ကြီးကျော်သိန်း(ငြိမ်း)၏ဇနီး၊ ကိုအောင်နိုင်ဦး၊ မနန်းရွှေစင် (Comms Net Co.,Ltd.)၊ ကိုမိုးလွင်ဦး၊ ဦးချမ်းယိန်း-ဒေါ်စောနွဲ့နွဲ့ခင် (ဧည့်လမ်းညွှန်)၊ မောင်ထွန်းအေးကျော်၊ မောင်ဇော်ထွန်းအောင် (ဧည့်လမ်းညွှန်)၊ မစောဥမ္မာခင်(ဒုတိယနှစ်၊ ဂုဏ်ထူးတန်း၊ အဏ္ဏဝါဗေဒ)၊ ကိုကျော်ဇောဝေ (Golden Eagle Shipping Co., Ltd.)၊ ကျော်မင်းသာ (3^{rd} M.B, Magway)တို့၏အရီးကြီး၊ မောင်လူမင်းမြတ်၊ မယိန်းနမ်တို့၏အဘောင်ရှင်သည် ၂၄-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၂း၀၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူတူ၊တူမများ။

ဦးအောင်မြင့်ဆွေ
(တောင်တွင်းကြီးမြို့)
(ဒုရဲမှူး-ငြိမ်း၊ မကွေးခရိုင်ရုံး)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၉(ခ)ရပ်ကွက်၊ အမှတ် ၄၆၆ သမာဓိလမ်းသွယ် ၁ နေ (ဒေါ်တင်အေး)၏ခင်ပွန်း၊ မောင်ကျော်ဆွေ၊ မသန်းသန်းမြင့်(ဆားမှော်-အထက)၊ မသန်းသန်းအေး၊ (မောင်မြင့်သိန်းသန်း)၊ မောင်အောင်ကျော်ဦး(တပ်မတော်-ရေ)-မသီသီအောင်(စက်-သတ်ဦးစီး)၊ မောင်အောင်လှမိုး (ကျောက်တန်း၊ ရဲစခန်း)-မမြမြခိုင်၊ မောင်ခင်မောင်ဝင်း(မြိတ်၊ ရဲစခန်း)-မနီလာမြင့် (မြိတ်ခရိုင်ရုံး)၊ မအေးစိုးအောင်(နယ်စပ်/စည်ပင်)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၀၄ရက် ည ၁၀း၄၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ပု(ခ)
ဒေါ်ချိုချိုအေး (မြိတ်)
အသက်(၅၁)နှစ်

မြိတ်မြို့၊တပ်ပြင်ရပ်၊ဘုရားကြီးလမ်းနေ (ဦးရွှေစိန်-ဒေါ်ယို့ဝါ)တို့၏သမီးကြီး၊ ဦးဆာလင်-(ဒေါ်ခင်နွဲ့)တို့၏သမီးချွေးမ၊ ဦးဖိုးလား(ခ)ဦးလှမြင့်(မြိတ်ဗီဒီယိုအခြေခံဥက္ကဋ္ဌ)၏ဇနီး၊ မောင်စိုးမင်းဟန်၊ မအေးပွင့်ဟန်တို့၏ မိခင်၊ ဦးတင်အောင်-ဒေါ်ရီရီဌေးတို့၏ ညီမ၊ ဦးမြင့်လွင်-ဒေါ်ရွှေရွှေစိန်မိုး၊ ကိုအောင်မြင့်-ဒေါ်ချိုချိုလွင်၊ ဦးတင်ငယ်-ဒေါ်ထွေးညို၊ ဦးအောင်မိုး-ဒေါ်ဝင်းပပ၊ ဦးတင်ဆက်-ဒေါ်စန်းချို၊ ဦးပြုံးချို-ဒေါ်ချယ်ရီဌေးတို့၏အစ်မသည် ၂၆-၄-၂၀၀၄ရက်(တနင်္လာနေ့)နံနက်၇နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၄-၂၀၀၄ ရက်မွန်းတည့်၁၂နာရီတွင် ဟိုရှင်သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါက်တာတင်ထွန်း
အသက်(၄၉)နှစ်

ဧရာဝတီတိုင်း၊ ဇလွန်မြို့၊ အမှတ် ၂၀၊ ဗိုလ်ချုပ်လမ်းနေ(ဦးအုန်းကြိုင်)-ဒေါ်စန်းလှတို့၏သား၊ ဒေါ်စန်းမြင့် (အထပြ၊ ငြိမ်း)၊ ဒေါ်သန်းမြ၊ ဦးဌေးရှင်-ဒေါ်မြကြည်တို့၏တူ၊ ကိုထွန်းဝေ(မန်းရေနံ)၊ မသန်းသန်းနု(မန်းရေနံ)၊ ကိုဝင်းဆွေ-မသီတာကြိုင်၊ မခင်မာညို၊ ကိုဇော်မျိုးဦး၊ ကိုသန်းနိုင်-မရီရီလတ်၊ ကိုစည်သူဖြိုးထက်-မမြင့်မြင့်သိန်း၊ကိုဝင်းနောင်ထွဋ်တို့၏အစ်ကိုကြီးသည် ရန်ကုန်မြို့၊ အမှတ် ၉၅(က)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခိုင်စန်းဦး၏ခင်ပွန်း၊ နှယ်ဦးယဉ်ဝေ၊ ဇေယျာတင်ထွန်းတို့၏ဖခင်သည် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ၂၅-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

အမျိုးသားညီလာခံကျင်းပမည့်ရက်အချိန်နီးကပ်လာ ကိုယ်စားလှယ်များစိတ်ချမ်းမြေ့ကျန်းမာရွှင်လန်းစွာတက်ရောက်နိုင်ရေး ခန်းမကြီးနှင့်ပရဝဏ်တစ်ခုလုံးသန့်ရှင်းခံ့ညားထည်ဝါစွာပြင်ဆင်ထား အခြေခံအားလုံးပြည့်စုံစွာရရှိရေး အကောင်းဆုံးစီမံဆောင်ရွက်ပြီးဖြစ်

ရန်ကုန် မေ ၂၆

အမျိုးသားညီလာခံကျင်းပရေး ကြိုတင်ပြင်ဆင်မှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ အနော်ရထာရိပ်သာ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်

စာမျက်နှာ ၈ ကော်လံ ၁ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အစ္စရေးနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၇

၂၀၀၄ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ အစ္စရေးနိုင်ငံဝန်ကြီးချုပ် မစ္စတာ အေရီရယ်ရှာရွန်းထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၂၇

၂၀၀၄ ခုနှစ် မေ ၂၇ ရက်တွင် ကျရောက်သော ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဆားဘီးယားနှင့် မွန်တီနီဂရိုနိုင်ငံ သမ္မတ မစ္စတာ ဆဗက်တိုဇ် မာရိုဗစ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အင်္ဂါဂြိုဟ်သုတေသနလုပ်ငန်း

အောက်ပုံမှာ အမေရိကန်ပြည်ထောင်စု ယူတားပြည်နယ် ဟင့်စ်ဗီလီမြို့၏အနောက်မြောက်ဘက်ရှိ အင်္ဂါဂြိုဟ် သဲကန္တာရသုတေသနစခန်း အနီး၌ အင်္ဂါဂြိုဟ်ဆိုင်ရာ အချက်အလက်များ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေသော ဂတ်စ်ဖရက်ဒရစ်(ယာ) နှင့် ဂရက်ဂ်ဒရေယာ တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ– အင်တာနက်)

ကမ္ဘာ့အကြီးဆုံးအသားညှပ်ပေါင်မုန့်

မက္ကဆီကိုစီးတီး၌ မေ ၂၄ ရက်တွင် ကမ္ဘာ့အကြီးမားဆုံးအသားညှပ်ပေါင်မုန့်ကြီးကို တွေ့ရပုံဖြစ်သည်။ **(အောက်ပုံ)** ယင်းအသားညှပ်ပေါင်မုန့်ကြီး၏အရွယ်အစားမှာ ၃ ဒသမ ၅၀ X ၃ ဒသမ ၅၀ မီတာ (၁၁ ဒသမ ၅ X ၁၁ ဒသမ ၅ ပေ) ရှိပြီး ဒိန်ခဲ၊ ဝက်ပေါင်ခြောက်၊ ဆလတ်ရွက်၊ ဆော့စ်တို့ဖြင့် ပြုလုပ်ထားသည်။ ဂီးနက်စ် စံချိန်ဝင်သည်။ **(ဓာတ်ပုံ– အင်တာနက်)**

ယနေ့ထုတ်စောင်ရေ ၂၀၀၉၄၅

မြို့တော်အင်္ဂါရပ်နှင့်အညီ ယာဉ်သွားလာမှုအဆင်ပြေချောမွေ့စေရေး ပါရမီခုံးကျော်တံတား အလှပဆုံးနှင့် အခိုင်ခံ့ဆုံးတည်ဆောက်မည်

သတင်းဆောင်းပါး – ကိုထွေး၊ ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၆

ရန်ကုန်မြို့တော်ကြီးတွင် လူဦးရေ တစ်နေ့တခြားများပြားလာသကဲ့သို့ ယာဉ်သွားလာမှုသည်လည်း များပြားလာလျက်ရှိသည်။ ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရေးအတွက် ယာဉ်သွားလာမှုများပြားသည့် မြို့တွင်းလမ်းများ တိုးချဲ့ခြင်း၊ မြို့အဝင်အထွက်လမ်းများ တိုးချဲ့ခြင်းနှင့် မြို့အဝင်အထွက်လမ်းမကြီးများ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

ပါရမီခုံးကျော်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်တွင် **မြန်မာ့မီးရထားမှ နေ့ညမပြတ် အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်း လျှပ်စစ်ဌာနမှဝန်ထမ်းများကလည်း မီးတိုင်များပြောင်းရွှေ့ အသစ်တပ်ဆင်ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေကြစဉ်။** ဓာတ်ပုံ– သိန်းဝင်းလေး(မြန်မာ့အလင်း)